# ပစ်ပယ်ချိုးနှိမ်ခံများအပါအဝင်
# အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး




Prison Reform with Key Population Coalition

© Paing 2018 | PhotoVoice

# ပစ်ပယ်ချိုးနှိမ်ခံများအပါအဝင်
# အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

**July. 2020**

# Prison Reform
# with Key Population

ပုံနှိပ်မှတ်တမ်း

Prison Reform with Key Population Coalition

July. 2020



# မာတိကာ


**ကျေးဇူးတင်လွှာ/၆**

**AAPP အကြောင်း/၇**

**အခန်း(၁) နိဒါန်း/၉**

၁.၁။ မိတ်ဆက် (အကျဉ်းထောင်များအကြောင်း)/**၁၁**

    ၁.၁.၁။ မြန်မာနိုင်ငံအကျဉ်းထောင်များအကြောင်း/**၁၂**

၁.၂။ အကျဉ်းထောင်စနစ် ပြောင်းလဲရေး အရေးပါပုံ/**၁၄**

၁.၃။ Key Population များ၏ အခန်းကဏ္ဍ

    ၁.၃.၁။ Key Population ၏ အဓိပ္ပါယ်/**၁၉**

    ၁.၃.၂။ KP များ အခြေအနေ/**၂၀**

၁.၄။ အစီရင်ခံစာ ချဉ်းကပ်လေ့လာပုံ

    ၁.၄.၁။ နောက်ခံနှင့် ရည်ရွယ်ချက်/**၂၄**

    ၁.၄.၂။ သုတေသန နည်းနာများ/**၂၆**

    ၁.၄.၃။ သုတေသန၏ ကန့်သတ်ချက်များ/**၂၈**

    ၁.၄.၄။ အစီရင်ခံစာ ရေးသားတင်ပြပုံ/**၂၉**

**အခန်း(၂)  K.P များ၏ ဘဝအခြေအနေနှင့် စိတ်ခံစားချက်များ/၃၁**

၂.၁။ ဘဝရပ်တည်မှု အခြေအနေ

၂.၁.၁။ လိင်လုပ်သားများ/**၃၂**

၂.၁.၂။ လိင်စိတ်ပြောင်းလဲခံယူသူများ/**၃၅**

၂.၁.၃။ မူးယစ်ဆေးဝါးသုံးစွဲသူများ/**၃၇**

**အခန်း(၃) အကျဉ်းထောင်အတွင်း တွေ့ကြုံရသည့် အခြေအနေ/၄၀**

၃.၁။ အကျဉ်းသားအခွင့်အရေးရရှိမှု နှင့် ဆက်ဆံခံရမှု အခြေအနေ/**၄၁**

၃.၂။ ကျန်းမာရေးစောင့်ရှောက်မှု/**၄၅**

၃.၂.၁။ HIV ရောဂါဝေဒနာရှင်များအတွက်/**၄၈**
ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ

၃.၂.၂။ မူးယစ်ဆေးဝါးသုံးစွဲသူများ/**၅၁**

၃.၂.၃။ လိင်လုပ်သားများ၏ အကျဉ်းထောင်တွင်း
အခြေအနေ/**၅၆**

၃.၂.၄။ လိင်စိတ်ပြောင်းလဲ ခံယူထားသူများ၏
ထောင်တွင်းနေထိုင်ရမှု အခြေအနေ/**၆၁**

၃.၃။ စားသောက်နေထိုင်မှု/**၆၇**

၃.၃.၁။ အစားအသောက်ကျွေးမွေးမှု/**၆၇**

၃.၃.၂။ အကျဉ်းထောင်တွင်း နေထိုင်ရမှု အခြေအနေ/**၇၁**

၃.၄။ ပြန်လည်ပြုစုပျိုးထောင်ပေးမှု/**၇၅**

**အခန်း(၄) လွတ်မြောက်ပြီးနောက် ဘဝရပ်တည်မှုနှင့် စိတ်ခံစားချက်/၈၀**

**အခန်း(၅) နိဂုံး/၈၆**

၅.၁။ K.P များအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိနေသော ဥပဒေများအပေါ် သုံးသပ်ချက်

၅.၁.၁။ ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုဥပဒေ/**၈၇**

၅.၁.၂။ ရန်ကုန်ရဲအက်ဥပဒေ (၁၈၉၉) ခုနှစ်နှင့် (၁၉၄၅) ခုနှစ် ရဲအက်ဥပဒေ/**၈၉**

၅.၁.၃။ လိင်လုပ်သား နှိပ်ကွပ်ရေးဥပဒေ/**၉၀**

၅.၁.၄။ မူးယစ်အထူးဥပဒေ/**၉၃**

၅.၂။ အကြံပြုတိုက်တွန်းချက်များ/**၉၅**

# ကျေးဇူးတင်လွှာ

ယခုအစီရင်ခံစာ ဖြစ်မြောက်ရန်အတွက် PITCH စီမံချက်ငွေကြေးဖြင့်ကူညီပေးခဲ့သော Alliance Myanmar (Mahamate) အား လည်းကောင်း၊ နေပြည်တော်တွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့ကြသော ပြည်ထောင်စုလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ Prison Reform with Key Population Coalition အဖွဲ့ဝင်အဖွဲ့အစည်းများအားလည်းကောင်း၊ ဤအစီရင်ခံစာအား ရေးသားပြုစုပေးခဲ့သော ကိုရဲအောင်နှင့် အဖွဲ့အားလည်းကောင်း၊ အချက်အလက်များ ရရှိနိုင်ရန်အတွက် အင်တာဗျူး ဖြေကြားပေးခဲ့သူများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများအား Coalition မှ အထူးပင် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ▲

# နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) သည် သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများဖြင့် စတင်တည်ထောင်ခဲ့ပြီး၊ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် စတင်အခြေပြုသည့် အကျိုးအမြတ်မရှာသော/မရယူသော၊ အစိုးရမဟုတ်သော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ပြန်လည်အခြေချ၍ မြန်မာနိုင်ငံရှိ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ထောက်ပံ့ကူညီ ခြင်း၊ လွတ်မြောက်လာပြီးနောက် သူတို့၏ဘဝများ ပိုမိုကောင်းမွန်လာစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ထောက်ပံ့ကူညီပေးခြင်းများ ပြုလုပ်ပေးလျှက်ရှိသည်။ လွတ်မြောက်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရန်နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာ ပါဝင်ခွင့်ရရှိစေရန် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်းများ ဆောင်ရွက်လျှက်ရှိသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ဖြတ်သန်းမှုများနှင့် နိုင်ငံတဝှမ်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ အပြည့်အဝရရှိခံစားစေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူဖြစ်စေသည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်ကိုလည်း ရည်ရွယ်ချက်တူ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျှက်ရှိသည်။ ▲

www.aappb.org


© Aung 2018 | PhotoVoice


© Paing 2018 | PhotoVoice


© Pan Nu, Ma Nwe & Hter Thakhin 2018

အခန်း၁။

# နိဒါန်း

ရာစုဝက်နီးပါး မှားယွင်းသော ဖိနှိပ်အုပ်ချုပ်မှုစနစ်ကို ဖြတ်သန်းပြီးနောက် ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင် ဖော်ဆောင်လာချိန်တွင် အဖွဲ့အစည်းများ၏စံသတ်မှတ်ချက်များ၊ သက်ဝင်လှုပ်ရှားနေသော စနစ်များအားလုံးသည် ဒီမိုကရေစီစံချိန်စံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိအောင် ပြောင်းလဲရန် ကြိုးစားလာကြပါသည်။

ထိုသို့ စနစ်များကို ပြောင်းလဲရန်ကြိုးစားရာတွင် အဓိက ပွတ်တိုက်မှုဖြစ်နေရသော အကြောင်းအရာမှာ မှားယွင်းသော ဖိနှိပ်အုပ်ချုပ်မှုစနစ်များအောက်တွင် ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် ထိုဥပဒေများကို ကိုင်တွယ်ဆောင်ရွက်နေသော ဗျူရိုကရေစီယန္တရား၏ စွဲမြဲနေသော အမူအကျင့်များပင် ဖြစ်ပါသည်။

အကျဉ်းထောင်များသည် နိုင်ငံတော်၏ လုံခြုံရေးကဏ္ဍတွင် အဓိကကျသည့် Institution ဖြစ်သော်လည်း ပြည်သူလူထုနှင့် ဒီမိုကရေစီအသွင်ပြောင်းလဲရေးကို ဆောင်ရွက်နေသူ အများစု၏ စိတ်ဝင်စားမှုနယ်ပယ်အပြင်ဘက်သို့ ရောက်နေသည်ကို တွေ့မြင်ရပါသည်။

ဒီမိုကရေစီအရေး လှုပ်ရှားဆောင်ရွက်နေသူများအနေဖြင့် အကျဉ်းထောင်များကို နိုင်ငံရေးသမားများနှင့်သာ တွဲမြင် တတ်ကြပါသည်။ အကျဉ်းထောင်များအတွင်းရှိ အခြေအနေနှင့် လည်ပတ်နေသော စနစ်တစ်ခုလုံးအား လေ့လာသိရှိမှု အားနည်းပါသည်။

ထိုအခြေအနေသည် အကျဉ်းထောင်အား ဒီမိုကရေစီ အသွင် ကူးပြောင်းမှုတွင် မပါဝင်ဘဲ သီးခြား Institution တစ်ခုကဲ့သို့ ဖြစ်သွား စေပြီး အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများအတွက် အခြေခံ လူ့အခွင့်အရေး အလွယ်တကူ ချိုးဖောက်ခံရသော အခြေအနေဆီသို့ ဦးတည်သွားစေပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအကျဉ်းထောင်များတွင် ဒီမိုကရေ စီစံနှုန်းနှင့် မကိုက်ညီသော ရာဇဝတ်မှုဥပဒေများဖြင့် ဖမ်းဆီး ချုပ်နှောင် ထားသော အကျဉ်းသားအရေအတွက်မှာ အဆမတန် များပြားနေပါ သည်။ အကျဉ်းထောင်စနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် အကျဉ်း ထောင်အတွင်း ပကတိဖြစ်ပျက်နေသော အခြေအနေများကို သိရှိရန်မှာ အလွန်အရေးကြီးပါသည်။

ဤအစီရင်ခံစာသည် အကျဉ်းထောင်များအတွင်းရှိ KP (Key Population) များဖြစ်သော မူးယစ်ဆေးဝါးပုဒ်မများနှင့် ကျခံခဲ့ရသည့် အကျဉ်းသားများ၊ ပြင်ပလူ့အသိုက်အဝန်းတွင်ပင် ထိခိုက်ခံစားလွယ် သောအုပ်စုများအဖြစ်ရှိနေသော လိင်လုပ်သားများ၊ မသန်စွမ်းများ၊ LGBT များအနေဖြင့် အကျဉ်းထောင်များထဲသို့ အကျဉ်းသား၊ အချုပ် သားများအဖြစ် ရောက်ရှိသောအချိန်တွင် သူတို့၏ တွေ့ကြုံခဲ့ရသော အကျဉ်းထောင်အတွင်း အခြေ အနေများကို မေးမြန်း၍ စနစ်တကျ ပြုစုထားခြင်းဖြစ်ပါသည်။ ယခုလေ့လာမှုအရ တွေ့ရှိချက်များကို အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာတွင် လိုအပ်သော အချက်အလက်များအဖြစ် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်၍ ဤစာတမ်းကို ပြုစုတင်ပြလိုက်ပါသည်။▲

၁.၁။

## မိတ်ဆက် (အကျဉ်းထောင်များအကြောင်း)

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် အကျဉ်းထောင်များ ရှိနေကြပြီး နိုင်ငံတစ်ခုချင်းစီ၏ နိုင်ငံရေးမူဝါဒအပေါ်တွင် အကျဉ်းထောင်များ စံနှုန်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများသာ ကွဲပြားမှုရှိနေပါသည်။ အကျဉ်းထောင်များသည် နိုင်ငံ၏ဥပဒေ စိုးမိုးရေးနှင့် တရားစီရင်ရေးတို့၏ နောက်ဆက်တွဲ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း တချို့နိုင်ငံများတွင် အကျဉ်းထောင်များကို ဖိနှိပ်ရေးယန္တရားများအဖြစ် ဖန်တီးထားသလို လူသားများ၏ အခြေခံလူ့အခွင့်အရေးဖြစ်သည့် လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်နေထိုင်နိုင်ခွင့်မျှကိုပင် အသိအမှတ်မပြုဘဲ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ရာ နေရာတစ်ခုအဖြစ် သတ်မှတ်ရှုမြင်နေသည်ကို တွေ့ရပါသည်။

အကျဉ်းထောင်ဆိုသည်မှာ သတ်မှတ်ထားသော ဥပဒေများကို ချိုးဖောက်ပြီး လူမှုပတ်ဝန်းကျင်တွင် ဆက်လက်ထားရှိပါက အခြားသူများ၏ လုံခြုံရေးနှင့် လွတ်လပ်ခွင့်တို့ကို ထိခိုက် စေနိုင်မည့်သူများကို ထိန်းသိမ်းပြုပြင်ရာ စခန်းတစ်ခုအဖြစ်ထားရှိရန် ယဉ်ကျေးသော လူ့အဖွဲ့အစည်းမှ သတ်မှတ်ထားသော နေရာတစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမြင့်မားမှု၊ လူ့အခွင့်အရေး

ရရှိမှုစသည့် အခြေအနေတို့ကို တိုင်းတာရာတွင် အကျဉ်းထောင်များရှိ အကျဉ်းသားအရေအတွက်နှင့် အကျဉ်းထောင်များ၏ အခြေအနေကို လည်း ထည့်သွင်းစဉ်းစားရန် မဖြစ်မနေ လိုအပ်ပါသည်။ ထို့ကြောင့် အကျဉ်းထောင်များသည် နိုင်ငံတစ်ခု၏ ပြဋ္ဌာန်းဥပဒေများ တရားမျှတမှုနှင့် လူ့အခွင့်အရေးရရှိမှုအခြေအနေတို့ကို တိုင်းတာရန် ပေတံ တစ်ချောင်းအနေဖြင့် ပါဝင်နေပါသည်။ ▲

## ၁.၁.၁။ မြန်မာနိုင်ငံအကျဉ်းထောင်များအကြောင်း

"မြန်မာနိုင်ငံတွင် အကျဉ်းထောင်၊ အချုပ်ထောင်နှင့် အလုပ်စခန်း စုစုပေါင်းမှာ (၉၅) ခု ရှိပါသည်။ ထို (၉၅) ခု အတွက် သတ်မှတ်ထားသည့် ထောင်ကျအကျဉ်းသားနှင့် အချုပ်သားဦးရေမှာ ၇၁၀၀၀ ဖြစ်သော်လည်း အိပ်ဆောင်အနေအထားအရ အကျဉ်းသားတစ်ဦးလျှင် ၁၈ စတုရန်းပေဖြင့် တွက်ချက်မည်ဆိုပါက ၇၄၁၅၃ ဦး ထိန်းသိမ်းထားရှိနိုင်မည်ဟု ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူမှ ပြောကြားထားသည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ရှိ ထောင်ပိတ်အင်အားစာရင်းမှာ စုစုပေါင်း ၁၀၃၉၅၈ ဦး ရှိနေသည့်အတွက် အကျဉ်းသူ/သားဦးရေ ၂၉၈၀၅ ဦး ပိုမိုလက်ခံထိန်းသိမ်း ထားရပြီး ၁၄၀% အထိဖြစ်နေပါသည်။" [၁]

မြန်မာနိုင်ငံအကျဉ်းထောင်များ၏ လက်ရှိအခြေအနေသည် အကျဉ်းသားဦးရေ လျော့ကျလာခြင်းမရှိဘဲ တဖြည်းဖြည်း ပို၍များပြားလာသည်ကို စာရင်းဇယားများအရ တွေ့ရှိရပါသည်။ အကျဉ်းထောင်များတွင် လူဦးရေများပြားနေခြင်းသည် နိုင်ငံအတော်များများတွင် တွေ့ကြုံနေရပြီး ထိုအခြေအနေကြောင့် အကျဉ်းသားများ၏ ကျန်းမာရေး၊ စားသောက်နေထိုင်မှုအပြင် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာကိစ္စများတွင် အမျိုးမျိုးသောပြဿနာများနှင့် တွေ့ကြုံနေရပါ သည်။ မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် ထိုကဲ့သို့သော ပြဿနာ များသည် ထိခိုက်လွယ်သော KP အကျဉ်းသူ/သားများအပေါ်တွင် ပိုမိုသက်ရောက်မှုရှိပြီး လူ့အခွင့်အရေးချိုးဖေါက်မှုအပါအဝင် ညှဉ်းပန်းနှိပ်စက်မှုများ၊ ခွဲခြားဆက်ဆံခံရမှုများလည်း ဖြစ်ပွားနေသည်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာတွင် တွေ့မြင်ရပါသည်။ [၂]

“ထိုအစီရင်ခံစာတွင်ပင် အလုပ်စခန်းများ၌ လာဘ်ပေးလာဘ်ယူမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များ၊ ဝန်နှင့်အားမမျှသော ခိုင်းစေမှုများလည်း ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရပါသည်။”[၃] အကျဉ်းထောင်ဝန်ထမ်းများ မလုံလောက် မှုကြောင့် အကျဉ်းသားအရာရှိများ ခန့်အပ်၍ အကျဉ်းသားအချင်းချင်း အုပ်ချုပ်သည့် စနစ်ကိုလည်း ကျင့်သုံးနေသည့် အတွက် အကျဉ်းသားအချင်းချင်း အနိုင်ကျင့်မှုများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများလည်း ဖြစ်ပွားနေပါသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်ဥပဒေနှင့် အကျဉ်းထောင်လက်စွဲသည် အင်္ဂလိပ် ကိုလိုနီအစိုးရလက်ထက်ကတည်းက ပြဋ္ဌာန်းခဲ့သော ဥပဒေနှင့် လက်စွဲကို အနည်းငယ် ပြင်ဆင်ခြင်းမှအပ ကျန်အများစုကို ဆက်လက် အသုံးပြုနေသည်ကိုလည်း တွေ့မြင်နေရပါသည်။ ▲

## ၁.၁။ အကျဉ်းထောင်စနစ် ပြောင်းလဲရေး အရေးပါပုံ

အကျဉ်းထောင်များ ဖွဲ့စည်းတည်ဆောက်ထားမှုနှင့် လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတစ်ခု၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်အား တိုက်ရိုက်ထင်ဟပ်နေပြီး၊ ထိုနိုင်ငံ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံချိန်စံနှုန်းကို ညွှန်းဆိုထားသည့်အတွက် မှားယွင်းသော ဖိနှိပ်အုပ်ချုပ်မှုစနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသော နိုင်ငံများအတွက် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ အသွင်ကူးပြောင်းရေးကာလတွင် တာဝန်ယူရသော အစိုးရတစ်ရပ်အနေဖြင့် စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးပိုင်းတို့အတွက် စနစ်သစ်နှင့် လိုက်လျောညီထွေမှုရှိသော လုပ်ငန်းစဉ်ယန္တရားများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေရချိန်တွင် ပြည်သူမျက်ကွယ်တွင်ရှိနေသော အကျဉ်းထောင်စနစ် ပြောင်းလဲမှုကို အစိုးရအပါအဝင်၊ ပြည်သူများအနေဖြင့် မေ့လျော့ နေတတ်ကြပါသည်။

အလွန်ဆိုးဝါးသောရာဇဝတ်မှု ကျူးလွန်သူများကို သေဒဏ်အထိ အပြစ်ပေးခြင်းသည် မှန်ကန်သောလုပ်ရပ်ဟု အများအားဖြင့်

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

ထင်မြင်ယူဆနေသကဲ့သို့ အချို့သော အငြင်းပွားဖွယ်ဖြစ်သည့် မှုခင်းများ (ဥပမာ – ပြည့်တန်ဆာအမှု၊ မူးယစ်ဆေး သုံးစွဲမှု) ကိုလည်း ရာဇဝတ်မှုအဖြစ် တထစ်ချ သတ်မှတ်နေသည်များလည်းရှိသည်။ ထိုကဲ့သို့သော ထင်မြင်ယူဆမှုများကြောင့် အရေးယူအပြစ်ပေးမှုများ များပြားလာသလို အကျဉ်းထောင်များအတွင်းတွင်လည်း လူ့အခွင့် အရေးချိုးဖေါက်မှုများအပြင် အခြားရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေသော ခွဲခြားဆက်ဆံမှုနှင့် အုပ်ချုပ်မှုပုံစံများ ပိုမိုလုပ်ဆောင်လာပါသည်။ တရားရေးဝန်ကြီးဌာန မရှိခြင်းနှင့်အတူ အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် မြန်မာပြည်သူများကို ဖိနှိပ်ရန်ရည်ရွယ်၍ကျင့်သုံးရန် ရေးဆွဲ ပြဋ္ဌာန်းထားသောဥပဒေများအား ဆက်လက်ကျင့်သုံးနေပြီး၊ ချမှတ်ထားသောပြစ်ဒဏ်နှင့် ထောင်တွင်းအုပ်ချုပ်မှု ပုံစံများမှာလည်း ပြန်လည်ထူထောင်ရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းမှ ဆန့်ကျင်ကာ အကျဉ်းသားများအား ဖိနှိပ်အပြစ်ပေးရန်အတွက် ပုံစံချ ဖန်တီးထားသည်ကိုတွေ့ရသည်။ ထို့ပြင်မက ပြစ်မှုဆိုင်ရာရာဇဝတ်မှု တရားစီရင်ရေးအပိုင်းတွင် ပြစ်ဒဏ်ချမှတ်သည့်အခါ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ခြင်းများ ဆက်လက်ကျင့်သုံးနေပြီး၊ အလုပ်ကြမ်းများမှာ မျှတမှုမရှိရုံသာမက အကျဉ်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန် တိုးတက်ရေးအပေါ် ရေရှည်ထိခိုက်စေသည့်အပြင်၊ အလုပ်စခန်းများမှာလည်း လူ့အခွင့်အရေးချိုးဖေါက်မှုများဖြစ်ပွားရာ နေရာဌာနများ ဖြစ်နေပါသည်။ ထိုအခြေအနေများသည် ပြင်ပလူ့အဖွဲ့အစည်းကို ပြန်လည် သက်ရောက်မှုများ ဖြစ်စေသည့်အပြင် အစိုးရတစ်ရပ်အတွက် လူ့အခွင့်အရေးစံနှုန်းများအပေါ် အလေးထားမှုအား မေးခွန်းထုတ်စရာ ဖြစ်လာတတ်ပါသည်။ ၎င်းအခြေအနေများကို ဖြေရှင်းရန်အတွက် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးကို အခြားလုပ်ငန်းစဉ်များနှင့် ယှဉ်တွဲ၍ မဖြစ်မနေဆောင်ရွက်ရ မည်ဖြစ်ပါသည်။

အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ခြင်းအားဖြင့် ဆက်စပ်နေသော တရားစီရင်ရေးစနစ်၊ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများ၊ ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ထုံးလုပ်နည်းများကိုလည်း တစ်ပြိုင်နက်ပြုပြင်ပြောင်းလဲရန် တွန်းအားတစ်ရပ်လည်း ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ပြင်ပလူ့အဖွဲ့အစည်းအနေဖြင့်လည်း အကျဉ်းသားများအပေါ် စာနာနားလည်မှုများ ပိုမိုပေးလာနိုင်ပြီး လူမှုဝန်းကျင်တွင် ခွဲခြားဆက်ဆံမှု၊ အထင်မြင်သေးမှုများ လျော့နည်းလာပြီး ပိုမိုကောင်းမွန်သော လူမှုအဝန်းအဝိုင်းတစ်ခုကို ထူထောင်နိုင်ခြင်းအားဖြင့် ရာဇဝတ်မှုဖြစ်ပွားနှုန်း လျော့နည်းကာ တရားဥပဒေစိုးမိုးမှု၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပြန်လည်အကျိုးသက်ရောက်စေပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းနေသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးစံချိန်စံနှုန်း ပြည့်မီမှုကို အဓိကခြိမ်းခြောက်နေသည့်အရာမှာ တရားဥပဒေ စိုးမိုးရေးဖြစ်သည်။ ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်မားလာရခြင်း၏ အကြောင်းခံသည် အကျဉ်းထောင်များနှင့် ဆက်စပ်ပတ်သက်နေသည်ကို တွေ့ရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းထောင်များအတွင်းသို့ ရောက်ရှိသွားသော ပြစ်မှုကျူးလွန်သူများသည် အကျဉ်းထောင်အတွင်း အုပ်ချုပ်မှုစနစ်ကြောင့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်ရန် လေ့ကျင့်ပေးရာ နေရာတစ်ခုကဲ့သို့ ဖြစ်နေတတ်ပါသည်။ အကျဉ်းထောင်သည် အကျဉ်းသားများအတွက် စိတ်ပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို ဦးတည်ဆောင်ရွက်သော နေရာတစ်ခုအဖြစ် ဖန်တီးနိုင်မှသာ ရာဇဝတ်မှုဖြစ်ပွားနှုန်း ကို လျော့ကျစေမည်ဖြစ်သည်။

အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးသည် ကနဦးတွင် ငွေကြေးကုန်ကျမှုများသောကြောင့် အစိုးရပိုင်းအနေဖြင့် စိတ်ဝင်စားမှု အားနည်းတတ်ပါသည်။ သို့သော်လည်း အကျဉ်းထောင်စနစ်နှင့် ၎င်းနှင့် ဆက်စပ်နေသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲပါက အဓိကအားဖြင့် ရေရှည်တွင် အခွန်ထမ်းပြည်သူများ၏ ငွေကြေးအများအပြားအား အကျဉ်းထောင်များအတွက် သုံးစွဲနေရမှု လျော့ကျသွားနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ သတ်မှတ်ထားသော ဘတ်ဂျက်အရ အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသားတစ်ဦးအတွက် တစ်နေ့တာစားစရိတ်အဖြစ် (၆၀၀)ကျပ် (အမေရိကန်ဒေါ်လာ ၀.၄၃ ခန့်) သတ်မှတ်ပေးထားခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အကျဉ်းသားတစ်ဦးလျှင် (၉၇၅)ကျပ် (အမေရိကန်ဒေါ်လာ ၀.၇၃ ခန့်) သို့ တိုးမြှင့်သတ်မှတ်ထားကြောင်း အကျဉ်းဦးစီးဌာနမှ ဦးမင်းထွန်းစိုးမှ ပြောကြားထားပါသည်။[၆] အဆိုပါကိန်းဂဏန်းအရ အစိုးရသည် တစ်နေ့လျှင် ကျပ်ငွေ (၈၉.၇) သန်း (အမေရိကန်ဒေါ်လာ ၆၇,၁၆၀) ဝန်းကျင်အား အကျဉ်းထောင်များအတွက် (အကျဉ်းသားစားစရိတ်) သုံးစွဲနေရပါသည်။ အကျဉ်းထောင်လူဦးရေ (၂၆,၀၀၀)ဦး လျှော့ချပြီး အကျဉ်းထောင်သတ်မှတ်လူဦးရေအပြည့်အဖြစ် ထားရှိနိုင်ပါက အစိုးရအနေဖြင့် တစ်နေ့တာအသုံးစရိတ် (၂၅,၃၅၀,၀၀၀)ကျပ် (အမေရိကန်ဒေါ်လာ ၁၈,၉၈၈)၊ တစ်နှစ်တာအတွက် ကျပ်(၉.၂၅)ဘီလီယံ (အမေရိကန်ဒေါ်လာ ၆,၉၃၀,၆၂၀) လျှော့ချနိုင်ပြီး အကျဉ်းထောင်များအတွက် လက်ရှိသုံးစွဲနေရသော စားစရိတ်များ၏ (၂၈%) မျှ သက်သာလာမည်ဖြစ်ပါသည်။ အကျဉ်းထောင်လူဦးရေ လျှော့ချခြင်းအားဖြင့် ပိုလျှံလာ

သောငွေကြေးများအား အကျဉ်းထောင်များအတွက် အဓိက လိုအပ်နေသော အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများအတွက် လူနေမှုအဆင့်အတန်းနှင့် လုပ်ငန်းခွင်သာယာရေးများတွင် သုံးစွဲနိုင်ခြင်းဖြင့် လူ့အခွင့်အရေးအခြေအနေများကို တိုးတက်လာစေရုံသာမက အကျင့်ပျက် ခြစားခြင်းကိုလည်း တိုက်ဖျက်နိုင်မည်ဖြစ်ပါသည်။[၅] တိုင်းပြည်၏ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်သောကြောင့် မြန်မာနိုင်ငံတွင် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ▲

# ၁.၃။

# Key Population များ၏ အခန်းကဏ္ဍ

## ၁.၃.၁။ Key Population ၏ အဓိပ္ပါယ်

Key Population ဆိုသည်မှာ ဥပဒေကြောင်းအရ (သို့) လူမှုဘဝ ပတ်ဝန်းကျင်အပြုအမူများအရ အလွန်ထိခိုက်လွယ်သောသူများဖြစ်သည့် ခုခံအားကျဆင်းသည့်ရောဂါ (HIV) ခံစားနေရသူများနှင့် ရောဂါပိုး အလွယ်တကူကူးစက်နိုင်သည့် အုပ်စုများကို ခေါ်ဝေါ်သတ်မှတ်ခြင်းဖြစ်ပါသည်။ Key Population ဆိုသည့် စကားရပ်ကို ယခုစာအုပ်၏နောက်ပိုင်းတွင် K.P များဟုသာ ဖော်ပြသွားမည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ သတ်မှတ်ချက်အရ K.P များမှာ လိင်စိတ်ပြောင်းလဲခံယူထားသူများ၊ အကျဉ်းကျခံ နေရသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများနှင့် Transgender များဖြစ်ပါသည်။ ယခုစာအုပ်တွင် ဖော်ပြထားသော K.P များသည် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း ရှိနေသော လိင်စိတ်ပြောင်းလဲခံယူထားသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများနှင့် Transgender များကို ဦးတည်သတ်မှတ် ထားပါသည်။ ▲

## ၁.၃.၂။ Key Population များ အခြေအနေ

K.P များအကြားတွင် အဓိကဖြစ်ပွားနေသော HIV, AIDS ရောဂါပိုးသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေပါသည်။ ကမ္ဘာတစ်ဝန်းတွင် HIV ရောဂါပိုး ထပ်မံကူးစက်ခံရသူ ၄၀% မှ ၅၀% မှာ K.P များနှင့် ၎င်းတို့နှင့် ထိတွေ့ဆက်ဆံသူများဖြစ်သည်ဟု UNAID မှ ဖော်ပြထား သည်ကို တွေ့ရှိရပြီး ထိုသူများမှာ အများအားဖြင့် ခွဲခြားဆက်ဆံခံရသည့် အခြေအနေအောက်တွင် ရောက်ရှိနေပါသည်။ ထိုခွဲခြားဆက်ဆံမှုနှင့် လိင်စိတ်ခံယူမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများသည် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအရ ခွဲခြားဆက်ဆံမှုများကြောင့် ဖြစ်ပေါ်နေရခြင်းဖြစ်သည်။ ထိုအခြေအနေသည် HIV ရောဂါပိုး ကူးစက်ခံနေရသော K.P များအတွက် ဆေးဝါးကုသခံယူနိုင်မှုမှာ သာမန်လူများထက် အလှမ်းဝေးကွာစေပြီး ရောဂါပိုးမရှိသူများအတွက်လည်း စနစ်တကျ ကြိုတင်ကာကွယ်ပေးမှု အခြေအနေလည်း အားနည်းစေပါသည်။ K.P များအတွက် အထူးရည်ရွယ်ပြီးဆောင်ရွက်သော HIV ရောဂါ ကုသကာကွယ်ရေးလုပ်ငန်းစဉ်မရှိဘဲ ကမ္ဘာကြီး၏ ရည်မှန်းချက်တစ်ခုဖြစ်သော ကမ္ဘာပေါ်တွင် HIV နှင့် AIDS ကင်းစင်ရေးဆိုသည်မှာ ဖြစ်လာနိုင်မည်မဟုတ်ပါ။ ထိုအခြေအနေကို ဖြေရှင်းရန်အတွက် USAID ( The U.S Agency for International Development) သည် HIV, AIDS ဖြစ်ပွားနေသော K.P များအတွက် ကမ္ဘာတစ်ဝန်းတွင် သုတေသနလုပ်ငန်းများ၊ မူဝါဒများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ကုသပေးမှုများကို သက်ဆိုင်ရာ နယ်မြေ၊ နိုင်ငံအလိုက် တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အထူးအလေးထား ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းကြီးတခုဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း HIV, AIDS ကင်းစင်ရေးအတွက် အထူးအစီအစဉ်များချမှတ်ပြီး အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့် အာဆီယံမြို့ကြီးများ၌ HIV ကင်းစင်ရေး ဒေသဆိုင်ရာအစည်းအဝေး (ASEAN Cities Getting to Zero, Regional Consultation Meeting) ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရွှေ့ရင်ရယ်ဟာ်ဘဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ အာဆီယံနိုင်ငံများ၏မြို့တော်များတွင် HIV / AIDS ကင်းစင်ရေးစီမံချက် (ASEAN Cities Getting to Zero (G2Z) Project) ကို HIV ပိုးကူးစက်ခံရသူအသစ်မရှိရေး (Zero new HIV infections)၊ HIV / AIDS နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှု လုံးဝမရှိရေး (Zero discrimination) နှင့် AIDS ရောဂါဖြင့် သေဆုံးသူမရှိရေး (Zero AIDS related deaths) စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အကျိုးရှိရှိနှင့် ထိရောက်စွာဖြင့် အာဆီယံမြို့တော်များ၌ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ် ဇွန်လတွင် ရန်ကုန် Malina Hotel ၌ ခုခံအားကျဆင်းမှု (HIV/AIDS) ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အမျိုးသားအဆင့် ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းဆိုင်ရာ လေ့လာဆန်းစစ်မှု တွေ့ရှိချက်များ တင်ပြ ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။[၆]

မြန်မာနိုင်ငံ၏ အကျဉ်းထောင်အသီးသီးတွင် မူးယစ်ဆေးဝါး အမှုဖြင့် ကျခံနေရသော အကျဉ်းသားဦးရေမှာ စုစုပေါင်း အကျဉ်းသား ဦးရေ၏ ၅၀% ခန့်ရှိပါသည်။ ထို့အပြင် လူမှုအသိုက်အဝန်း၏ ခွဲခြား ဆက်ဆံမှုကိုခံနေရသော LGBT များ၊ လိင်လုပ်သားလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နေသူများလည်း အများအပြားရှိနေပါသည်။ ထိုသူများသည် ပြင်ပတွင် ခွဲခြားဆက်ဆံခံရသလို အကျဉ်းထောင်အတွင်းတွင်လည်း ခွဲခြားဆက်ဆံခံရသည့်အပြင် HIV ကဲ့သို့သော ကူးစက်ရောဂါ ခံစား နေရသူများအတွက် လုံလောက်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက် မှုမရှိသည်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေး၍ တွေ့ရှိချက်များအား ထုတ်ပြန်သည့် အစီရင်ခံစာများတွင် ဖော်ပြထားပါသည်။ အကျဉ်း ထောင်များအတွင်းတွင် HIV, AIDS ရောဂါရှိသူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် အခြားသူများကို ထပ်မံကူးစက်ခံရမှု မရှိအောင် အထူးကာကွယ်ပေးသည့် အစီအစဉ်များကို တိကျရှင်းလင်း စွာ ချမှတ်ရန် လိုအပ်နေပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှု (HIV/AIDS) ရောဂါ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅) ရေးဆွဲခြင်းနှင့် "ခုခံအားကျဆင်းမှုရောဂါ ကူးစက်ပြန့်ပွားမှုများ (၂၀၃၀) ခုနှစ်တွင် အဆုံးသတ်ရပ်တန့်စေရေး"[၆] စီမံချက် အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့နိုင်ငံများမှ HIV,AIDS ရောဂါ ဖြစ်ပွားမှုနှင့် ကူးစက်ခံရမှု အလွယ်ကူဆုံးဖြစ်စေသော K.P များအတွက် အထူးစဉ်းစားချက်များ

ပါဝင်ခြင်းမရှိပါ။ ထို့အတူ အကျဉ်းသားများ အကျဉ်းထောင်မှ လွတ်မြောက်သွားသည့်အခါတွင် မိမိတို့၏လူမှုအသိုက်အဝန်းသို့ ပြန်လည်ဝင်ရောက်ကြမြဲဖြစ်ပြီး ၎င်းတို့ ကူးစက်ခံစားလာရသော ရောဂါများ ထိုအသိုက်အဝန်းသို့ ပြန့်နှံ့ကူးစက်စေနိုင်သည့် အခြေအနေ အလားအလာ မြင့်မားစေပါသည်။ (HIV/AIDS)ကူးစက်ခံစားနေရသော အကျဉ်းထောင်များအတွင်းရှိ K.P များ၏ အခြေအနေကို မဖြစ်မနေ ထည့်သွင်းစဉ်းစား၍ အကျဉ်းထောင်စနစ်နှင့် တရားစီရင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါသည်။ ▲

© Pan Nu, Ma Nwe & Hter Thakhin 2018



# ၁.၄။ အစီရင်ခံစာ ချဉ်းကပ်လေ့လာပုံ

## ၁.၄.၁။ နောက်ခံနှင့် ရည်ရွယ်ချက်

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ နီးပါး မှားယွင်းသော ဖိနှိပ်အုပ်ချုပ်မှုစနစ်အမျိုးမျိုးအောက်တွင် ဖြတ်သန်းခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ၂၀၁၁ ခုနှစ်တွင် အနိုင်ရအရပ်သား အစိုးရကို အာဏာလွှဲပြောင်းပေးခြင်းဖြင့် ဒီမိုကရေစီစနစ်ဆီသို့ စတင် အသွင်ကူးပြောင်းစေခဲ့ပါသည်။ အသွင်ကူးပြောင်းဆဲကာလတွင် ဒီမိုကရေစီစနစ်နှင့်မကိုက်ညီသော အဖွဲ့အစည်းများ၊ စနစ်များနှင့် ဥပဒေများကို ပြုပြင်ပြောင်းလဲလျှက်ရှိပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ရာ တွင် မှားယွင်းသော ဖိနှိပ်အုပ်ချုပ်မှုစနစ်အမျိုးမျိုးတွင် ကျင့်သုံးခဲ့သည့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုမရှိသော၊ ချိုးဖေါက်သော လုပ်ဆောင်ချက်များကို အလျင်အမြန် ပြုပြင်ပြောင်းလဲမှသာ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေများကို ဖြေရှင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ လူ့အခွင့်အရေးစံနှုန်းများနှင့် မကိုက်ညီဘဲ ချိုးဖေါက်မှုများ ရှိနေသော စနစ်များထဲတွင် အကျဉ်းထောင်စနစ်သည်လည်း တစ်ခု အပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်

သည် အကျဉ်းထောင်များအတွင်း ဝင်ရောက်စစ်ဆေး၍ လူ့အခွင့်အရေး၊ အကျဉ်းသားအခွင့်အရေး အပြည့်အဝ မရရှိသည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်လွှတ်တော်များတွင် အစီရင်ခံ တင်ပြနေသော်လည်း အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Institutio –nal Reform) တစ်ခု ဖြစ်မြောက်လာအောင် ဆောင်ရွက် နိုင်ခြင်း မရှိသေးပါ။ အကျဉ်းဦးစီးဌာန၏ မိခင်ဝန်ကြီးဌာနဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အကျဉ်းထောင်ဥပဒေကို ပြောင်းလဲ ရန် ကြိုးပမ်းနေချိန်ဖြစ်ပါသည်။ အကျဉ်းထောင်ဥပဒေနှင့် လက်စွဲတို့ကို လူ့အခွင့်အရေးစံနှုန်းများ၊ အကျဉ်းထောင်များနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် လူ့အခွင့်အရေး၊ အကျဉ်းထောင်အတွင်း အကျဉ်းသားများ၏အခွင့် အရေးအတွက် ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများအနေ ဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများကို စဉ်ဆက်မပြတ် တိုက်တွန်း နှိုးဆော်လျှက် ရှိပါသည်။

ယခုအစီရင်ခံစာသည် လူ့အဖွဲ့အစည်းတွင် ထိခိုက်ခံစားလွယ် အုပ်စုများဖြစ်သော အကျဉ်းထောင်အတွင်းရှိ K.P များ၏ အခြေအနေ ကို သက်ဆိုင်ရာတာဝန်ရှိသူများ သိရှိသတိပြုမိပြီး အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးတွင် အထူးထည့်သွင်း စဉ်းစားနိုင်ရန်နှင့် မြန်မာ နိုင်ငံ၏ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးကာလတွင် လူ့အခွင့် အရေးကို လေးစားလိုက်နာသော Institution တစ်ခု ပေါ်ထွက်လာ စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ▲

## ၁.၄.၂။ သုတေသနနည်းနာများ

ဤစာတမ်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ အတွင်း မြန်မာနိုင်ငံအတွင်းရှိ K.P များနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ အကျဉ်းကျခံခဲ့ရဖူးသော K.P များနှင့် တွေ့ဆုံ မေးမြန်း၍ အချက်အလက်များ ရယူစုဆောင်းသော အရည်အသွေးပြ သုတေသန ပုံစံဖြင့် ဆောင်ရွက်ထားပါသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁၊ ၁၂ ရက်နေ့တို့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ) မှ ဦးဆောင်၍ K.P များအတွက် ဆောင်ရွက် ပေးနေသော အဖွဲ့အစည်းများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများပါဝင် သော အဖွဲ့အစည်းများနှင့် **"အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးတွင် K.P များ၏ အခန်းကဏ္ဍ"** ဆိုသော ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲ (၂) ရက်တာ ဆောင်ရွက်ခဲ့ပြီး K.P များ၏ အကျဉ်းထောင်အတွင်း အခြေ အနေများနှင့် အကျဉ်းထောင်စနစ် ပြောင်းလဲရာတွင် K.P များ အတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များကို အုပ်စုဖွဲ့ ဆွေးနွေးညှိနှိုင်းခဲ့ပါ သည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့ တွင် နေပြည်တော်ရှိ မန်းမြန်မာဟိုတယ်တွင် အေအေပီပီမှဦးဆောင်၍ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ K.P အဖွဲ့ အစည်းများမှ တာဝန်ရှိသူများပူးပေါင်း၍ အကျဉ်းထောင်စနစ် ပြုပြင် ပြောင်းလဲရေးနှင့် အကျဉ်းထောင်အတွင်းရှိ K.P များ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲမှ ရရှိလာသော ဆွေးနွေးပွဲရလာဒ်များကိုလည်း ထည့်သွင်းထားပါသည်။

သုတေသနပြုလုပ်သူများသည် ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ တောင်ကြီးမြို့များတွင်ရှိသော အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာသည့် လိင်လုပ်သားများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်စိတ်ပြောင်းလဲခံယူထားသူများနှင့် K.P မဟုတ်သော အခြားအကျဉ်းသားများ၊ အကျဉ်းထောင်ဝန်ထမ်းများနှင့် စိတ်ရောဂါအထူးကုဆရာဝန်များ စုစုပေါင်း (၂၃) ဦးကို လူတွေ့ မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

ထို့အပြင် သုတေသီများသည် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် ရေးသားတင်ပြထားသော အစီရင်ခံစာ များ၊ K.P များနှင့် ပတ်သက်သောအဖွဲ့အစည်းများမှ ထုတ်ပြန်သော အစီရင်ခံစာများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ထုတ်ပြန်သော အစီရင်ခံစာများ၊ မြန်မာနိုင်ငံ အကျဉ်းထောင်ဥပဒေနှင့်လက်စွဲ၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သော ဥပဒေ၊ ရဲအက်(Myanmar Police Act)၊ USAID, WHO တို့မှ K.P များနှင့် ပတ်သက်သော အစီရင်ခံစာများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန (အကျဉ်းဦးစီးဌာန) တို့မှထုတ်ပြန်သော အချက်အလက်များကို လေ့လာခဲ့ပါသည်။ ▲

## ၁.၄.၃ သုတေသန၏ ကန့်သတ်ချက်များ

သုတေသနစာတမ်းတိုင်းတွင် ကန့်သတ်ချက်များရှိသလို ယခု သုတေသနစာတမ်းတွင်လည်း ကန့်သတ်ချက်ရှိနေပါသည်။ ယခု စာတမ်းသည် အချိန်အကန့်အသတ်ရှိခြင်း၊ ငွေကြေးအားဖြင့်လည်း အကန့်အသတ်ရှိခြင်း၊ မြန်မာနိုင်ငံတွင် အချုပ်ထောင်၊ အကျဉ်းထောင် နှင့် အလုပ်စခန်း စုစုပေါင်း (၉၅) ခုရှိသော်လည်း တရားဝင် သွားရောက် လေ့လာနိုင်ခွင့်မရှိခြင်းနှင့် ထိုအကျဉ်းထောင်နှင့် အလုပ်စခန်းများမှ လွတ်မြောက်လာသူအားလုံးကိုလည်း တွေ့ဆုံမေးမြန်းနိုင်ခြင်း မရှိသည့် အပြင် အကျဉ်းဦးစီးဌာနမှလည်း အများသိရှိရန် တရားဝင်ထုတ်ပြန် ထားသော သတင်းအချက်အလက်များ နည်းပါးခြင်းစသည့် အကန့် အသတ်များကြောင့် ယခုစာတမ်းသည် အကျဉ်းထောင်အားလုံးနှင့် အလုပ်စခန်းအားလုံး၏ အခြေအနေအတိအကျကို ဖော်ပြနိုင်မှု အားနည်းပါသည်။ အကျဉ်းသားများစွာထံမှ အချက်အလက်များ၊ မှတ်တမ်းများ စုဆောင်း၍ သုတေသနပြုမှုမှတစ်ဆင့် ပိုမို ပြည့်စုံသော အစီရင်ခံစာတစ်စောင် ထွက်ပေါ်လာစေရန် နောက်ဆက်တွဲ သုတေသန လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ သို့သော်လည်း ယခုတွေ့ရှိ ချက်များသည် မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များအထဲတွင် အဓိကကျသော အင်းစိန်ဗဟိုအကျဉ်း ထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ တောင်လေးလုံး အကျဉ်းထောင်၊ လှိုင်ကော်အကျဉ်းထောင်နှင့် မန္တလေး (ထုံးဘို) ရဲဘက်စခန်းတို့၏အခြေအနေများ ပါဝင်သလို ပဲခူးအကျဉ်း

ထောင်ကဲ့သို့သော အချုပ်အကျဉ်းထောင်တစ်ခု၏ ထောင်အတွင်း အခြေအနေများလည်း ပါဝင်သောကြောင့် အကျဉ်းထောင်အားလုံးတွင် K.P များ၏ ထောင်တွင်းဖြတ်သန်းနေထိုင်ရသည့် အခြေအနေကို အနီးစပ်ဆုံး တင်ပြနိုင်ပြီး တိကျခိုင်မာသော သတင်းအချက်များအဖြစ် ဖော်ပြနိုင်အောင် အခြားစာရွက်စာတမ်း အချက်အလက်များနှင့် အားဖြည့်ထားသောကြောင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားနိုင်ရန် ခိုင်မာသည့် အချက်အလက်များအဖြစ် အသုံး ပြုနိုင်မည်ဖြစ်ပါသည်။ ▲

## ၁.၄.၄။ အစီရင်ခံစာ ရေးသားတင်ပြပုံ

နိဒါန်းအခန်းနောက်တွင် ဖော်ပြမည့် အခန်း(၂) သည် အကျဉ်းထောင်စနစ်နှင့် တိုက်ရိုက်သက်ဆိုင်မှု မရှိသော်လည်း ယခုအစီရင်ခံစာ၏ အဓိကဦးတည်အုပ်စုဖြစ်သော K.P များ၏ အကျဉ်းမကျမီကာလတွင် ကြုံတွေ့ခဲ့ရသော လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ ၎င်းတို့အပေါ် သက်ရောက်နေမှုများအပါအဝင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများအပေါ် သူတို့၏ ရှုမြင်ပုံများကို တင်ပြထားပါသည်။

အခန်း (၃) သည် K.P များ အဖမ်းခံရပြီးနောက် အကျဉ်းထောင်အတွင်း နေထိုင်ရသောအတွေ့အကြုံများကို တင်ပြရေးသားထားပါသည်။

အခန်း (၄) တွင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ပြီးနောက်ပိုင်း ပြင်ပလူ့အဖွဲ့အစည်းတွင် ရင်ဆိုင်တွေ့ကြုံရသည့် အခြေအနေများ၊ ဘဝရပ်တည်မှု အခြေအနေများအပေါ် အကျဉ်းထောင်၏ အကျိုးဆက် သက်ရောက်မှုများအကြောင်း ဖော်ပြထားပါသည်။

အခန်း (၅) နိဂုံးချုပ်အခန်းတွင် K.P များအပေါ် တိုက်ရိုက်အကျိုးသက်ရောက်နေသည့် ပြဋ္ဌာန်းထားသော ဥပဒေများကို လေ့လာထားပြီး နောက်ဆုံးအခန်းတွင် အကျဉ်းထောင်စနစ် ပြောင်းလဲရာတွင် K.P များအတွက် ထည့်သွင်းစဉ်းစားပေးရမည့် အဓိကအချက်များကို သုံးသပ်တင်ပြထားပါသည်။ ▲

အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

## အခန်း ၂။

## K.P များ၏ ဘဝအခြေအနေနှင့်




© Myo 2018 | PhotoVoice

## ၂.၁။ ဘဝရပ်တည်မှု အခြေအနေ

### ၂.၁.၁။ လိင်လုပ်သားများ

လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေရေးလုပ်ငန်းသည် ကမ္ဘာပေါ် တွင် ရှေးယခင်ကတည်းကရှိခဲ့ပြီး ယခုအချိန်အထိ ပပျောက်သွားခြင်း မရှိသေးသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။[၁၀] နိုင်ငံအချို့တွင် ဥပဒေအရ ခွင့်ပြုချက်ပေးထားသော လုပ်ငန်းဖြစ်ပြီး နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်စရာလုပ်ငန်းတစ်ခုအဖြစ် ရှိနေပါသည်။ လိင်လုပ်သားများ ဖမ်းဆီးခံရသည့်အချိန်တွင် ဘဝတစ်ခုလုံး ထိခိုက်နစ်နာမှုမရှိစေရန် ဥပဒေအရ စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများကို စနစ်တကျ ပြုလုပ်ပေးသည့်အပြင် အခြားအသက်မွေးဝမ်းကျောင်းအလုပ်များ သင်ကြားပေးခြင်းများ ရှိနေပါသည်။[၁၁]

လိင်လုပ်သားလုပ်ငန်းမှာ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် နေရာအနှံ့ တွေ့မြင်နေရသော လုပ်ငန်းတစ်ခုအဖြစ် ရှိနေပါသည်။ ဘာသာရေး၊ ယဉ်ကျေးမှု၊ အယူအဆများအပေါ်တွင် အခြေခံ၍ လိင်လုပ်သားလုပ်ငန်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့်အစား

ဥပဒေများပြဋ္ဌာန်း၍ ပြည့်တန်ဆာနှိပ်ကွပ်ရေးကို ဆောင်ရွက်ခဲ့သော်လည်း ပပျောက်ကင်းစင်သွားခြင်း မရှိပါ။ UNAIDS ၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် လိင်လုပ်သားဦးရေ ၆၆၀၀၀ ခန့်ရှိနေပါသည်။[၁၂]

ဆင်းရဲမွဲတေခြင်းသည် လိင်လုပ်သားလုပ်ငန်းကို အမျိုးသမီးများ လုပ်ကိုင်ဆောင်ရွက်ရန် အဓိကတွန်းအားပေးသော အခြေအနေတစ်ခုဖြစ်ပြီး ဒုတိယအခြေအနေမှာ ပညာတတ်မြောက်မှု အားနည်းခြင်းဖြစ်ပါသည်။ လိင်လုပ်သားအမျိုးသမီးများ၏ ဝင်ငွေသည် သူတို့မိသားစုများ၏ ထမင်းအိုးကြီးဖြစ်နေသည်ကို တွေ့မြင်နေရပါသည်။ လိင်လုပ်သားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူအများစုသည် အိမ်ထောင်ကျဖူးသူများဖြစ်ပြီး ယောကျ်ားကွယ်လွန်ခြင်း၊ ကျန်းမာရေးမကောင်းခြင်းနှင့် အလုပ်မလုပ်နိုင်ခြင်းတို့ကြောင့် မိသားစုအတွက် ဝင်ငွေရှာဖွေရင်း လိင်လုပ်သားဖြစ်သွားသည်ကို အများအားဖြင့်တွေ့ရှိရပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေသည် ပညာတတ်မြောက်မှုမရှိခြင်းနှင့် ငွေကြေးအရင်းအနှီးတို့ မရှိပါက လူတစ်ဦးအတွက် သင့်တင့်သောဝင်ငွေနှင့် အလုပ်အကိုင် ရရှိရန်ခက်ခဲပါသည်။

ရဲတပ်ဖွဲ့ဝင်များသည် လိင်လုပ်သားလုပ်ငန်း လုပ်ကိုင်နေသူများအား ATM ငွေထုတ်စက်ကဲ့သို့ သဘောထားခြင်းနှင့် အချိန်မရွေး၊ နေရာမရွေး ဖမ်းဆီးနိုင်သော လူများအဖြစ် သတ်မှတ်ထားခြင်းကြောင့် ရဲဆိုသည့်အသံကြားရုံဖြင့် ရွံ့ကြောက်နေပြီး လုံးဝမဆက်ဆံချင်ကြောင်းကို တွေ့မြင်ရပါသည်။

ဒီအလုပ်ကို မိသားစုစီးပွားရေး အခက်အခဲကြောင့် လုပ်ဖြစ်တယ်။ မိသားစုထဲမှာ ကိုယ်တစ်ယောက်တည်း ဝင်ငွေရှိတယ်။ အခြားအလုပ်ကိုလုပ်ဖို့ ကြိုးစားပေမဲ့ မိသားစုဦးရေနဲ့ ဝင်ငွေမမျှတဲ့အတွက် ဒီအလုပ်ကိုပဲ ဆက်လုပ်ဖြစ်တယ်။

(၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၃(က) ဖြင့် ပဲခူးထောင်တွင် ထောင်ဒဏ် ၁ နှစ်ကျခဲ့သည့် အသက် ၃၇ နှစ် အရွယ် အမျိုးသမီး)

ယောက်ျားက အလုပ်ထဲမှာ ခိုက်မိလာပြီး အလုပ်မလုပ်နိုင်တော့တဲ့အချိန်မှာ ကိုယ်က အဝတ်လိုက်လျှော်တယ်။ စားဝတ်နေရေးအတွက် သိပ်အဆင်မပြေတော့ အဝတ်လျှော်တဲ့အိမ်ကို ပြောပြမိတယ်။ အဲဒီအိမ်က ခေါင်းအိမ်ဖြစ်နေတာကို ကိုယ်ကလည်း မသိဘူး။ နောက်တော့ အဲဒီအိမ် အဆက်အသွယ်နဲ့ပဲ လုပ်ဖြစ်သွားတယ်။

(၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၃(က) စွဲချက်တင်ခံရပြီး အိုးဘိုထောင်တွင် အချုပ်ဖြင့် ၈ လ နေထိုင်ခဲ့ရသည့် အသက် ၃၂ နှစ်အရွယ် အမျိုးသမီး)

## ၂.၁.၂။ လိင်စိတ်ပြောင်းလဲခံယူသူများ

မြန်မာနိုင်ငံ၏ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့စရိုက် များအရ လိင်စိတ်ပြောင်းလဲခံယူမှုကို လက်ခံအသိအမှတ် ပြုမှု အားနည်းသလို ဥပဒေအရလည်း ခွင့်ပြုထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ မိသားစု များအတွင်းတွင် လိင်စိတ် ပြောင်းလဲခံယူမှုကို အပြင်းအထန် တားမြစ်သလို ပတ်ဝန်းကျင်မှလည်း နှိမ်ချဆက်ဆံမှုများ ရှိနေပါသည်။ မြန်မာ့ရုပ်ရှင်နှင့် မီဒီယာများတွင်လည်း လှောင်ပြောင်သရော်သည့် ပြကွက်များ ပြသမှုများ ရှိနေပါသည်။ စာသင်ကျောင်းများတွင် ဆရာ/ ဆရာမများ၏ ခွဲခြားဆက်ဆံမှုများရှိနေသလို၊ ကျောင်းသူ/ ကျောင်းသားအချင်းချင်းတွင် နောက်ပြောင်စရာလူတစ်ယောက်ကဲ့သို့ သဘောထားသောကြောင့် ပညာရေးကို ရေရှည်တက်ရောက်သင်ကြား ရန် စိတ်ပါဝင်စားခြင်းမရှိဘဲ ပညာတစ်ပိုင်းတစ်စနှင့် ဖြစ်ခဲ့ရပြီး ပညာ တတ်အားနည်းသော လူ့အဝန်းအဝိုင်းတစ်ခုဖြစ်နေပါသည်။

အလုပ်အကိုင် အခွင့်အလမ်းတွင်လည်း များသောအား ဖြင့် အလှပြင်ခြင်း၊ မိတ်ကပ်လိမ်းခြင်း၊ အဝတ်အစားဒီဇိုင်း ဖန်တီးခြင်းနှင့် နတ်ကတော်စသော အလုပ်များဖြင့်သာ ဘောင်ခတ်ခံထားရသည်ကို တွေ့ရှိရပါသည်။ အခြားစီးပွားရေးလုပ်ငန်း ရှင်များအနေဖြင့် သူတို့၏ လုပ်ငန်းများတွင် လိင်စိတ်ပြောင်းလဲခံယူထားသူများကို အသုံးပြုရန် ဝန်လေးသည်ကို တွေ့ရှိရပါ သည်။

LGBT တစ်ယောက်အနေဖြင့် အချိန်မရွေး အမှုဆင် အဖမ်းခံရနိုင်သည်ဟု အမြဲတမ်း တွေးမှတ်ထားသည်ကိုလည်း တွေ့ရှိရပြီး ရဲဆိုသည်မှာ သူတို့အတွက် အလွန်ကြောက်စရာကောင်းသောသူများအဖြစ် သတ်မှတ်ထားကြပါသည်။ အကျဉ်းထောင်ဆိုတာ သူတို့နှင့် မသက်ဆိုင်သော နေရာတစ်ခုအဖြစ် ခံယူထားပါသည်။ သို့သော်လည်း ရဲအက်ဥပဒေဖြစ်သော ပုဒ်မ ၃၀(ဃ) နှင့် ပုဒ်မ ၃၅ ၏ ပုဒ်မခွဲအားလုံးသည် သူတို့ကို အလွယ်တကူ ဖမ်းဆီးထောင်ချနိုင်သော ဥပဒေများဖြစ်နေပါသည်။ အကြောင်းအမျိုးမျိုးဖြင့် အကျဉ်းထောင်ထဲရောက်ရှိသွားပါက သူတို့ အခြေအနေမှာ အလွန်စိုးရိမ်စရာကောင်းသည်ဟုလည်း ထင်မြင်ထားသူများ ဖြစ်ပါသည်။ ▲

ကျွန်တော်တို့ MSM အများစုက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကွန်ဒုံးကတော့ အိတ်ထဲမှာ ဆောင် ထားတတ်ကြတယ်။ အဲဒါကိုတွေ့ရင်ပဲ အမှုက ကြီးနေပြီ။ အင်ဖော်မာတွေကလည်း သူတို့ ပိုက်ဆံလိုနေရင် အိတ်တွေလိုက်စစ်ပြီး နင်တို့ ပိုက်ဆံပေးရင်ပေး၊ မပေးရင် စခန်းခေါ်သွားမယ်ဆိုပြီး ပိုက်ဆံတောင်းတာတွေလည်း ရှိတယ်။ မှောင်ရိပ်ခိုမှုဖြစ်မှာ စိုးလို့ မီးတိုင်တည့်တည့်အောက်မှာ ကားရပ်ငှားတာတောင် ဖမ်းသွားတာမျိုးတွေလည်း ရှိတယ်။

(၂၀၁၉ ခုနှစ်တွင် ၃၀ (ဃ) ဖြင့် အင်းစိန်ထောင်တွင် ထောင်ဒဏ် ၃ လ ကျခဲ့သည့် အသက် ၂၇ နှစ်အရွယ် လိင်စိတ်ပြောင်းလဲခံယူထားသူ)

## ၂.၁.၃။ မူးယစ်ဆေးဝါးသုံးစွဲသူများ

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော လက်ရှိအခြေအနေမှာ အမျိုးသားအဆင့် အန္တရာယ်တစ်ရပ်အဖြစ် တည်ရှိနေပြီး လူငယ်များအကြားတွင် မူးယစ်ဆေးဝါး သုံးစွဲမှုမှာ အလွန်မြင့်တက်လာသည်ကို တွေ့မြင်နေရပါသည်။ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာရခြင်းမှာ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် အဂတိလိုက်စားမှု များပြားလာခြင်းတို့သည် အရေးပါသောအချက်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုနှင့် လူငယ်များ စိတ်ဝင်စားမည့် အခြားအစီအစဉ်များ လုပ်ဆောင်ပေးနိုင်မှု မရှိခြင်းသည်လည်း အခြေအနေတစ်ရပ်အဖြစ် ပါဝင်နေ ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်လာသည့်အတွက် အခြားတစ်ဖက်တွင် HIV ရောဂါပိုးကူးစက်မှု ပိုမိုလာခြင်း၊ တည်ဆဲဥပဒေများအရ ဖမ်းဆီးအရေးယူမှုများ များပြားလာခြင်းတို့ကြောင့် အကျဉ်းထောင်များတွင် လူဦးရေများ ပြည့်ကျပ်မှုဖြစ်လာပြီး လူ့အသိုက်အဝန်းအတွက် ဆိုးကျိုးများ ပိုမိုများပြားလာပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲလိုမှုကြောင့် ငွေကြေးအခက်အခဲဖြစ်ပေါ်လာပါက ဥပဒေမဲ့လုပ်ကိုင်မှုများပါ လုပ်ကိုင်ဆောင်ရွက်လာခြင်းသည် တရားဥပဒေစိုးမိုးမှုအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လာပါသည်။ ထို့အပြင် လူပတ်ဝန်းကျင် အသိုက် အဝန်းမှလည်း သူတို့ကို မယုံကြည်ရသူများဟု သတ်မှတ်ထား လာကြပြီး ဖယ်ကြဉ်မှုများ ပြုလုပ်ထားကြပါသည်။

"နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၁၈ ခုနှစ် မတ်လ (၃၀) ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ပြုလုပ်ခဲ့သော ကျမ်းသစ္စာကျိန်ဆိုပွဲတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပိုမို နှိမ်နင်းရမည်ဖြစ်ကြောင်း ပြောဆိုသွားပါသည်"[၃၃] ထိုနောက်ပိုင်းတွင် မူးယစ်ဆေးဝါး အထူးသတင်းပေးတိုင်ကြားရေးဌာနကို ဖွင့်လှစ်ခဲ့ပြီး သမ္မတရုံး၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေး အထူးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

မူးယစ်ဆေးစွဲနေသူများအတွက် ဆေးဖြတ်ရန် မက်သဒုံး ပေးသည့် စင်တာများတွင် ဆေးဝါး ထုတ်ယူနိုင်သော်လည်း ထိုကဲ့သို့ အထူးသတင်းပေးတိုင်ကြားရေးဌာန ဖွင့်လှစ်ပြီး နောက်ပိုင်းတွင် "နယ်မြေခံရဲများအနေဖြင့် မက်သဒုံးစင်တာများတွင် ဆေးလာရောက် ထုတ်ယူသူများကို စစ်ဆေးမေးမြန်း ဖမ်းဆီးခြင်းများရှိနေပြီး အဖမ်းခံရသည့် အချိန်တွင်လည်း မည်သည့်ဥပဒေကာကွယ်မှု၊ အာမခံမှုမျှ မရရှိကြပေ။"[၃၄] သူတို့၏လုံခြုံရေးအတွက် ထိုနေရာများသည် အာမခံချက်မရှိဟု စိတ်ထဲတွင် ထင်မြင်ယူဆသောကြောင့် သွားရောက် ထုတ်ယူရန်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲသူများအကြား ကူးစက်ရောဂါပိုးနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများသို့ ဝန်ဆောင်မှုလာရောက်ယူရန် လက်တွန့်လာသည်ကို တွေ့ရှိရပါသည်။ မက်သဒုံးမှာ ဆေးစွဲခြင်းကို ကုသပေးနေစဉ် သောက်သုံးရသော ဆေးဖြစ်ခြင်းကြောင့် မက်သဒုံး ပုံမှန်မသောက်ရပါက အခြားသော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ခံစားရနိုင်ပါသည်။ ရဲစခန်း၊ အချုပ်ထောင်နှင့် အကျဉ်းထောင်များတွင် မက်သဒုံးစင်တာများ မရှိသောကြောင့် မက်သဒုံးသောက်၍ ဆေးဖြတ်ရန် ကြိုးစားနေသော

သူများအဖို့ ထိုနေရာများသည် ၎င်းတို့အတွက် အလွန်ဒုက္ခရောက်စေသည့် နေရာဟု သတ်မှတ် ထားကြပြီး ရဲများသည် သူတို့ကို အချိန်မရွေး ထိုနေရာသို့ ပို့ဆောင်နိုင်သူများအဖြစ် ရှုမြင်နေကြသည်ကို တွေ့ရှိရပါသည်။ ▲

ရဲစခန်းမှာ ၅ ရက်လောက် တော်တော်ဒုက္ခ ရောက်တယ်။ ထောင်ထဲမှာ တော်သေးတယ်။ မက်သဒုံးသောက်နေတဲ့ လူအချုပ်ထဲမှာ မသောက်ရတော့ ယဉ်းအရမ်းကိုက်တာကို တော်တော်လေး ခံရတယ်။ ရေသောက်လည်း အန်တယ်။ ရေမရှိရင် လေအန်တယ်။ အစာအိမ် လည်း ရောင်နေတယ်။ ပိုက်ဆံ ၆ သောင်း လောက်ပါတာတောင် ၃ ရက်လောက်နေမှ ဆရာဝန်ခေါ်ပေးတယ်။

(၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၁၅၊ ၁၆ ဖြင့် အင်းစိန် ထောင်တွင် ထောင်ဒဏ် ၅ နှစ် ကျခဲ့သည့် အသက် ၄၅ နှစ်အရွယ် မူးယစ်ဆေးဖြတ်နေသူ)

အခန်း၃။

# အကျဉ်းထောင်အတွင်း တွေ့ကြုံရသည့် အခြေအနေ



© EMK, | PhotoVoice

## ၃.၁။ အကျဉ်းသားအခွင့်အရေးရရှိမှုနှင့် ဆက်ဆံခံရမှုအခြေအနေ

လက်ရှိ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များကို အုပ်ချုပ်မှုစနစ်သည် ၁၈၉၄ ခုနှစ် အကျဉ်းထောင်ဥပဒေ သို့မဟုတ် ၁၈၉၄ ခုနှစ် အိန္ဒိယဥပဒေ[၁၅] ဟု သိကြသော အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သည့် အကျဉ်းထောင်ဥပဒေကို ဆက်လက်ကျင့်သုံးနေ ဆဲပင်ဖြစ်သည်။ ထိုဥပဒေအပြင် အကျဉ်းထောင်လက်စွဲဟု ခေါ်ဆိုသော Jail Manual ဖြင့် အကျဉ်းထောင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအသေးစိတ်ကို ပြဋ္ဌာန်းထားပြီး ၁၉၅၀ ခုနှစ်တွင် တစ်ကြိမ် ပြန်လည်ပြင်ဆင်၍ ထိုလက်စွဲ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။[၁၆] အကျဉ်းထောင်ဥပဒေနှင့် အကျဉ်းထောင်လက်စွဲအရ အကျဉ်းထောင်ထဲတွင် တာဝန်ထမ်းဆောင်ရန် အကျဉ်းသားများကို တာဝန်ပေးအပ်ထားသည်ကို တွေ့ရပါသည်။[၁၇] ထိုသူတို့ကို အကျဉ်းသားအရာရှိဟု အကျဉ်းထောင်လက်စွဲတွင် သတ်မှတ်ထားပြီး အကျဉ်းထောင်လက်စွဲ၏ အခန်း (၆) ပုဒ်မ ၂၇၅ မှ ၂၉၇ အထိ အကျဉ်းသားအရာရှိတစ်ဦး၏ ရပိုင်ခွင့်များ၊ ထမ်းဆောင်ရမည့် တာဝန်များနှင့် အကျဉ်းသားအရာရှိ ခန့်အပ်ရန်အတွက် လိုအပ်သည့်အရည်အချင်းများကို တိကျစွာ ဖော်ပြထားသည်ကို တွေ့ရပါသည်။[၁၈] ယခု မြန်မာနိုင်ငံ၏ အကျဉ်းထောင်

များတွင် အကျဉ်းသားအရာရှိများခန့်အပ်ပြီး အုပ်ချုပ်စေခိုင်းမှု ရှိနေသော်လည်း အကျဉ်းထောင် လက်စွဲထဲတွင် ပြဋ္ဌာန်းထားသကဲ့သို့ အသေးစိတ် စိစစ်ရွေးချယ်ခန့်အပ်မှု မရှိဘဲ သက်ဆိုင်ရာအကျဉ်းထောင် များ၏ တာဝန်ရှိသူများနှင့် အဆင်ပြေပြီး ငွေကြေးရှာဖွေပေးနိုင်သူများ ကို ခန့်အပ်သောကြောင့် အကျဉ်းထောင်အတွင်းတွင် အဂတိလိုက်စား

> အုပ်ချုပ်တာကျတော့ အကျဉ်းဦးစီးက ဝန်ထမ်းအရမ်းနည်း တယ်။ တန်းစီးချုပ်ဆိုတာ အကြီးဆုံးပဲ။ တချို့က တကယ် ထိုက်တန်လို့ နေရာရတာရှိသလို တချို့က ဖားပြီးမှ နေရာရ တာရှိတယ်။ တပ်က ကျလာတဲ့ကောင်တွေဆို အလိုလိုနေရာရ တယ်။
>
> (၂၀၀၉ ခုနှစ်တွင် ပုဒ်မ ၁၅၊ ၁၆၊ ၁၉/၂၁ ဖြင့် တောင်လေးလုံး ထောင်တွင် ထောင်ဒဏ် ၂၄ နှစ်ကျခဲ့သည့် အသက် ၄၄ နှစ် အရွယ် မူးယစ်ဆေး သုံးစွဲခဲ့သူ)

မှုများ ကြီးမားစွာ ဖြစ်ပေါ်နေပါသည်။

အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးခံရပြီး အချုပ် သို့မဟုတ် အကျဉ်းကျခံရသော K.P အများစုသည် ငွေကြေးအရ ဆင်းရဲချို့တဲ့ သူများဖြစ်ပြီး ပြင်ပရှိ မိသားစုဝင်များမှလည်း အကျဉ်းထောင်သို့ လိုက်လံတွေ့ဆုံမှု အားနည်းပါသည်။ ငွေကြေးတတ်နိုင်သူ၊ မိသားစုမှ ပုံမှန်ထောင်ဝင်စာ လာတွေ့နိုင်သော အခြားအကျဉ်းသားများနှင့် တန်းတူအခွင့်အရေး မရရှိဘဲ အကျဉ်းထောင်ဝန်ထမ်းများနှင့် အကျဉ်း

သားအရာရှိများ၏ ခွဲခြားဆက်ဆံမှုကို အမြဲတစေခံနေရသည်ကို တွေ့ရှိရပါသည်။ ဆေးဝါးကုသနိုင်ခွင့်၊ အလုပ်ရွေးချယ်လုပ်ကိုင်ဆောင်ရွက်ခွင့်၊ အကျဉ်းထောင်ပြင်ပ အလုပ်စခန်းများဆီသို့ စေလွှတ်ခံရမှုနှင့် အကျဉ်းထောင်အတွင်း စားသောက်နေထိုင်မှုတို့တွင် ငွေကြေးမတတ်နိုင်မှုသာမက ဖြစ်ပွားခဲ့သည့် အမှုအခြေအနေနှင့် လိင်စိတ်ခံယူမှုအပေါ်တွင်ပါ ထပ်ဆင့် ခွဲခြားခံရသည့်အတွက် သာမန်အကျဉ်းသားများထက် ပိုမိုဆိုးဝါးသောအခြေအနေကို အကျဉ်းထောင်တိုင်းတွင် တွေ့ရှိနေရပါသည်။

အကျဉ်းထောင်များတွင် လူဦးရေ အဆမတန်များပြားနေသည့်အတွက် အကျဉ်းထောင်ဥပဒေနှင့် လက်စွဲတို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အကျဉ်းသားများကို ပြစ်မှုဖြစ်ပွားမှု အမျိုးအစားအလိုက် ခွဲခြားမထားနိုင်သောကြောင့် အကျဉ်းထောင်များတွင် နှစ်ရှည်ကျနေသော အကျဉ်းသားများနှင့် အကျဉ်းထောင်အတွင်းသို့ မကြာခဏရောက်ရှိသည့် ရာဇဝတ်အကျဉ်းသားများ၏ အနိုင်ကျင့်မှုသည် လက်ရှိအချိန်အထိ ဖြစ်ပွားနေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သည့် (SMR) သို့မဟုတ် the Mandela Rules[၁၉] သည် အကျဉ်းထောင်စနစ်အတွက် အဓိကကျသည့် နိုင်ငံတကာစံတစ်ခုဖြစ်ပါသည်။ ဤကြေညာချက်သည် အကျဉ်းထောင်တစ်ခုတွင် ရှိသင့်သည့် အနိမ့်ဆုံးစံချိန်စံညွှန်းများကို ဖော်ပြထားပါသည်။ အခြေခံစည်းမျဉ်း၏ ဥပဒေသ (၁) တွင် အကျဉ်းသားများအားလုံးကို ဂုဏ်သိက္ခာရှိရှိဖြင့် လူသားအဖြစ် တန်ဖိုးထားလေးစားစွာ ဆက်ဆံရမည်။ မည်သည့်အကျဉ်းသားကိုမျှ နှိပ်စက်ခြင်းမခံရအောင် အကာအကွယ်ပေးရမည်။ အကျဉ်း သားများ၊ အကျဉ်းထောင်ဝန်ထမ်းများနှင့် ဧည့်သည်တို့၏ လုံခြုံရေးကို အမြဲတမ်းအာမခံရမည်[၂၀] ဟု ပါရှိပါသည်။ Body of Principles for the Protection of All Persons under Any Form of Detention or

Imprisonment သည်လည်း **အရေးပါသော ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ခုဖြစ်ပြီး စည်းမျဉ်းအမှတ် (၁) တွင် မည်သည့်ပုံစံနှင့်မဆို ချုပ်နှောင်ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်းခံရသည့် မည်သူကိုမဆို လူသားဂုဏ်သိက္ခာနှင့်အညီ လူဆန် စွာ လေးစားမှုဖြင့် ဆက်ဆံရမည်**[၂၁] ဟု ဖေါ်ပြထားပါသည်။

သို့သော်လည်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ငွေကြေးရရှိနိုင်မှုအပေါ်တွင်သာ အခြေခံ၍ အကျဉ်းထောင်ဝန်ထမ်း၊ အကျဉ်းသားအရာရှိများမှ အကျဉ်းသားများကို ဆက်ဆံတတ်ပြီး ငွေကြေးမတတ်နိုင်သော K.P များအတွက် အကျဉ်းထောင်ထဲတွင် လူမဆန်သော၊ ဂုဏ်သိက္ခာနှင့်မညီသော ဆက်ဆံမှုမျိုးများနှင့် ကြုံတွေ့နေရသည်ကို အကျဉ်းကျဖူးသော K.P များနှင့် အခြားအကျဉ်းသား

> လူသစ်ဝင်လာရင် ဘာမှုလဲမေးပြီး ခွဲခြားဆက်ဆံခံရတာပဲ။ ၃ (က) တို့ဆို ပိုခွဲခြားခံရတယ်။ လိင်လုပ်သား၊ သူခိုး၊ မူးယစ် ဆိုရင်လည်း ပိုက်ဆံမရှိရင် ခွဲခြားခံရတာပဲ။ အဝတ်လျှော်ပေးရတယ်။ နင်းနှိပ်ပေးရတယ်။ တန်းစီးတွေကလည်း ခွဲခြားတာမျိုးတွေရှိတယ်။
>
> (နိုင်ငံရေးမှုဖြင့်ကျသော အကျဉ်းသူတစ်ဦး၏ အင်တာဗျူးမှ)

၃.၂။

## ကျန်းမာရေး စောင့်ရှောက်မှု

များမှ အောက်ပါအတိုင်း ပြောပြခဲ့ပါ သည်။ ▲

အကျဉ်းထောင်များတွင် အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ ပြည့်စုံလုံလောက်မှု မရှိသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံရှိထောင်များတွင် (က) အဆင့်တွင်သာ ဦးစီးအရာရှိအဆင့် လက်ထောက်ဆရာဝန်တစ်ဦးရှိပြီး (ခ) ဆင့်တွင် ဆေးထောင်မှူးကြီး ၂ ပွင့် တစ်ဦးနှင့် (ဂ)အဆင့်ထောင်များတွင် ဆေးထောင်မှူး ၁ ပွင့် တစ်ဦး တို့သာ အကျဉ်းထောင်အတွင်း ဆေးဝါးကုသမှုကို ဦးစီးဆောင်ရွက်နေ သည်ကို တွေ့ရပါသည်။ ဗဟိုအကျဉ်းထောင် (အင်းစိန်) တွင်သာ ကုတင် ၅၀ ဆံ့ ဆေးရုံရှိပြီး လက်ထောက်ညွှန်မှူးအဆင့်ရှိသော ဆရာဝန်တစ်ဦးမှ ဦးဆောင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည်။ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ရောက်ရှိလာသော အကျဉ်းသား အသစ်များကို နောက်ရက်တွင် ဆေးစစ်ပေးသည်ဟု အကျဉ်းထောင် ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦးက ပြောကြားသော်လည်း ကျန် အကျဉ်းထောင်များတွင် ထိုကဲ့သို့ လုပ်ဆောင်ပေးမှု မရှိသည်ကို အကျဉ်းကျခံရဖူးသော K.P များ၏ ပြောကြားချက်များအရ တွေ့ရှိရ ပါသည်။ ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသော အကျဉ်းသားများအတွက် စံနှုန်းတစ်ခုဖြစ်သည့် (SMR) ၏ ဥပဒေ (၂၄) အပိုဒ် ၁ တွင် အကျဉ်း

သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် နိုင်ငံတော်တွင် တာဝန်ရှိပြီး ပြင်ပတွင်ရှိသော လူ့အဖွဲ့အစည်း ရရှိခံစားရသည့်အတိုင်း ခွဲခြားဆက်ဆံမှု မရှိဘဲ တူညီသောကျန်းမာရေးဆိုင်ရာ စောင့်ရှောက်သောဝန်ဆောင်မှုကို ရရှိသင့်သည်[၂၂] ဟု ဖော်ပြထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ဆေးဝါးပြည့်စုံမှုမရှိသည်ကို တွေ့ရှိရပြီး မိသားစုထောင်ဝင်စာမှတစ်ဆင့် ပြင်ပမှ လိုအပ်သောဆေးဝါးများ မှာယူနေရသည်ကို ဖြေကြားမှုများအရ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ အကျဉ်းထောင်အတွင်းတွင် သင့်တော်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ မလုပ်ပေးနိုင်သည့်အတွက် အကျဉ်းသားများအနေဖြင့် နှလုံးနှင့်ပတ်သက်သော ရောဂါများ၊ ငှက်ဖျား၊ သွေးတိုး၊ တီဘီကဲ့သို့သော ရောဂါများအပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေနှင့် မိလ္လာစနစ် မလုံလောက်ခြင်း၊ အနံ့ဆိုးများ ထွက်ရှိခြင်းကြောင့် ယားနာအပါအဝင် အရေပြားရောဂါများ၊ ပန်းနာရင်ကြပ်ရောဂါများလည်း ခံစားနေရသည်[၂၃] ဟု နေပြည်တော်တွင် အေအေပီပီမှ ဦးဆောင်ကျင်းပသည့် အကျဉ်းထောင်စနစ်ပြုပြင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ပါသည်။

အကျဉ်းထောင်ထဲတွင် ကျန်းမာရေးလိုအပ်ချက်အရ ပြင်ပဆေးရုံသို့ ပြောင်းရွှေ့ကုသရမည်ဆိုလျှင် အကျဉ်းထောင်တာဝန်ခံမှ ရုံးချုပ်သို့ တင်ပြရပြီး လုံခြုံရေးအရ အရေးကြီးသည့် အကျဉ်းသားဆိုလျှင် ပြည်ထဲရေးဝန်ကြီးအထိ တင်ပြရသည်ဟု သိရှိရပါသည်။ ထို့ကဲ့သို့ တင်ပြခွင့်ပြုချက် တောင်းခံရသည့်အတွက် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုလည်း ကြုံတွေ့နေရပါသည်။ အကျဉ်းထောင်လက်စွဲတွင် အကျဉ်းသားတစ်ဦးအတွက် ထောင်အတွင်းကုသရန် အဆင်မပြေလျှင် ထောင်ပြင်ပဆေးရုံများသို့ ပြောင်းရွှေ့ကုသပေးရပါမည်။[၂၄]

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသော အကျဉ်းသားများ အတွက် စံနှုန်းတစ်ခုဖြစ်သည့် (SMR) ၏ ဥပဒေ (၂၇) အပိုဒ် ၁ တွင် ကျန်းမာရေးကုသစောင့်ရှောက်မှုပေးရန် အရေးပေါ်လိုအပ်လာသော မည်သည့်အကျဉ်းသားမဆို သက်ဆိုင်ရာ အရပ်ဘက်ဆေးရုံသို့ လွှဲပြောင်းကုသပေးရမည်[၂၅] ဟု ဖော်ပြထားပါသည်။ သို့သော်လည်း လက်ရှိအကျဉ်းထောင်များ၏ ဆေးဝါးကုသစောင့်ရှောက်မှုအခြေအနေကို အကျဉ်းသားတစ်ဦးမှ သူ့အမြင်အား အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ▲

> လူ့အခွင့်အရေးက ဘာဆိုးရှိုးလဲဆိုရင် အကျဉ်းသားတစ်ယောက်က သေဖို့နာရီပိုင်းလိုမှ အပြင်ဆေးရုံပို့တယ်။ အပြင်ဆေးရုံ ပို့ရမယ့်လူနာရှိရင် အထက်ကို အဆင့်ဆင့်သတင်းပို့ရတယ်။
>
> (၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသည့် မူးယစ်ဆေးရောင်းဝယ်သူ)

## ၃.၂.၁။ HIV ရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ

အင်းစိန်၊ မန္တလေးနှင့် သာယာဝတီထောင်စသော တချို့ အကျဉ်းထောင်များတွင် HIV, TB ဝေဒနာရှင်များအတွက် သီးခြား အဆောင်များဖြင့် ထားရှိသည်ကို တွေ့ရပြီး ကျန်အကျဉ်းထောင် အများစုတွင် ထိုရောဂါဝေဒနာရှင်များအတွက် သီးသန့်အဆောင်များ မထားရှိဘဲ ကျန်အကျဉ်းသားများနှင့် ရောထားသည်ကို တွေ့ရှိရပါ သည်။ ထိုကဲ့သို့ အခြားအကျဉ်းသားများနှင့် ရောထားခြင်းမှာ HIV ရောဂါပိုး ကူးဆက်ခံရသူများကို လူအများကြား အရှက်မရစေရန်၊ သို့မဟုတ် ခွဲခြားဆက်ဆံခံရမှု မဖြစ်စေရန် အတွက် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အကျဉ်းထောင်အတွင်း နေရာအခက်အခဲ ကြောင့် ကျန်အကျဉ်းသားများနှင့်အတူတူ ရောထားခြင်းမျိုး ဖြစ်သည့် အတွက် အခြားအကျဉ်းသားများ၏ ခွဲခြားဆက်ဆံမှုကို ခံနေရသည်ကို တွေ့ရှိရပါသည်။

မန္တလေးအကျဉ်းထောင်တွင် အကျဉ်းကျခံခဲ့ရဖူးသူတစ်ဦး၏ ပြောကြားချက်အရ HIV, TB နှင့် အသည်းရောင် အသားဝါ C ပိုး ရှိသူတို့ ကို အတူတူရောထားသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ရောထားသော ကြောင့် HIV ဝေဒနာရှင်များမှာ TB နှင့် အသည်းရောင်အသားဝါ C ပိုး အလွယ်တကူ ထပ်မံကူးစက်ခံရနိုင်ပြီး သူတို့၏ ကျန်းမာရေးအခြေ အနေမှာ ပို၍ဆိုဝါးလာနိုင်ပါသည်။

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

(SMR) ၏ ဥပဒေသ (၂၄) အပိုဒ် ၂ တွင် အကျဉ်းထောင်အတွင်း ကျန်းမာရေးကုသစောင့်ရှောက်မှုနှင့် HIV, TB အစရှိသည့် ကူးစက်ရောဂါဝေဒနာ ခံစားရနေသူများ၊ မူးယစ်ဆေးဝါးစွဲနေသော အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးသောဌာနများနှင့် နီးကပ်စွာချိတ်ဆက်၍ စဉ်ဆက်မပြတ် စောင့်ရှောက်ကုသမှုကို ဆောင်ရွက်သင့်သည်[၂၆] ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ မြန်မာ နိုင်ငံအကျဉ်းထောင်များအတွင်းရှိ HIV ရောဂါဝေဒနာရှင်များအတွက် ART ဆေးကို အကျဉ်းထောင်နှင့် အလုပ်စခန်းတိုင်းတွင် လုံလောက်စွာ မပေးနိုင်သေးသည်ကို တွေ့ရပါသည်။

**ART** သောက်နေရတဲ့သူတွေကို တွေ့ခဲ့တယ်။ အချို့ ခေါင်းကိုက်လို့ဆိုပြီး ဆေးသောက်ရဖို့ကို တော်တော်ခက်ခက်ခဲခဲတောင်းရတာတွေရှိတယ်။ **ART** ကို ကိုယ်တွေတုန်းက လွယ်လွယ်မရဘူး။

(၂၀၁၅ ခုနှစ်တွင် ထောင်ကျခဲ့သော အမည်မဖော်လိုသူ **LGBT** တစ်ဦး၏ အင်တာဗျူးတွင် ဖြေကြားချက်)

အကျဉ်းထောင်အများစုတွင် ART ဆေးကို ခုခံအား ကျဆင်းမှုတိုက်ဖျက်ရေးဌာန၊ အစိုးရမဟုတ်သော ကျန်းမာရေးဝန်ဆောင်မှုပေးနေသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးနေသည်ကို တွေ့ရသော်လည်း အကျဉ်းထောင်အတွင်းတွင် ဆရာဝန်မပြည့်စုံသောကြောင့် HIV ရောဂါဝေဒနာရှင်များအတွက် အဓိကစိန်ခေါ်မှုတစ်ခုမှာ ART ဆေးကို

ရောဂါအခြေအနေနှင့် စနစ်တကျ တွက်ချက်မပေးနိုင်ခြင်းဖြစ်သည်။ ထို့အပြင် တချို့သော ရောဂါကူးစက်ခံရသူများသည် အကျဉ်းထောင်/ အချုပ်အတွင်း ရောက်ရှိကာစအချိန်တွင် ART ဆေး ချက်ချင်းမရသော ကြောင့် ရောဂါအခြေအနေ ပို၍ဆိုးဝါးစေပါသည်။ ▲

**HIV** ပိုးရှိသူများအတွက် **ART** ဆေးရနိုင်အောင် ဆောင်ရွက်ပေးတယ်၊ ရောဂါရှင်များအနေနဲ့ မှတ်တမ်းပါလာရင် သူတို့ အရင်ဆေးထုတ်တဲ့ စင်တာနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးတယ်၊ မှတ်တမ်းမရှိတဲ့ သူကျတော့ လောလောဆယ် **Clotrinazol** ဆိုတဲ့ ပိုးသတ်ဆေးကို အရင်ပေးထားပါတယ်။ ရန်ကုန်မှာ ဆိုရင် ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးကို တင်ပြတယ်။ တပတ်လောက်ကြာရင် **ART** ဆေး ရပါတယ်။

(အင်းစိတ်ဗဟိုအကျဉ်းထောင်
ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦး)

## ၃.၂.၃။ မူးယစ်ဆေးဝါးသုံးစွဲသူများ

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးအရေးယူခံနေရသည့် အကျဉ်းသားဦးရေမှာ စုစုပေါင်း အကျဉ်းသားဦးရေ၏ ငါးဆယ်ရာခိုင်နှုန်းခန့် ရှိနေပါသည်။[၂၇] ထိုကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲသူအများအပြား အကျဉ်းထောင်အတွင်း ရှိနေသော်လည်း စနစ်တကျ မူးယစ်ဆေးဝါးဖြတ်ပေးသော ဆေးဖြတ်စင်တာများ မရှိသည်ကို တွေ့ရှိရပါသည်။

> မူးယစ်ဆေးဝါးသုံးစွဲသူတွေအတွက် ထောင်ထဲမှာ ဆေးဖြတ်စင်တာ သတ်သတ်မှတ်မှတ်မရှိပါဘူး၊ မက်သဒုံးဆေးလည်း မပေးနိုင်ပါဘူး။ ယဉ်းအရမ်းထလာတဲ့သူဆိုရင် ထောင်ဆေးရုံကို ခေါ်ပြီး စိတ်ငြိမ်ဆေး ပေးလိုက်ပါတယ်။ ဆေးရုံပေါ်မှာ (၃) ရက်မှ တစ်ပတ်လောက်အထိတော့ ထားပေးပါတယ်။ (အင်းစိန်ဗဟိုအကျဉ်းထောင် ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦးနှင့် အင်တာဗျူး)

ယဉ်းထရင်တော့ ကိုယ့်ဟာကိုယ် သေအောင်ခံ နံရံတွေ ခေါင်းနဲ့ဆောင့် လက်သီးနဲ့ပစ်ထိုး၊ ထောင်က ဘာမှ လုပ်ပေးတာမရှိဘူး။ အချင်းချင်းတော့ ယဉ်းထသက်သာ အောင် အကိုက်အခဲပျောက်ဆေးတို့ ဘာတို့ တိုက်တာ တော့ရှိတယ်။

(၂၀၁၉ ခုနှစ်တွင် ပုဒ်မ ၁၅၊ ၁၆၊ ၁၉/၂၁ ဖြင့် တောင်လေးလုံးထောင်တွင် ထောင်ဒဏ် ၂၄နှစ်ကျခဲ့ သည့် အသက် ၄၄ နှစ်အရွယ် မူးယစ်ဆေးသုံးစွဲခဲ့သူ)

ကမ္ဘာ့ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့မှ ထုတ်ဝေထားသော စာအုပ်တွင် မူးယစ်ဆေးဝါးစွဲနေသော အကျဉ်းသားများအတွက် အကျဉ်းထောင်အတွင်းတွင် ပြုလုပ်ရမည့် ထိရောက်သော ကုသမှုအစီအစဉ်မှာ (၁) အကျဉ်းသား၏ မူးယစ်ဆေးဝါးလိုအပ်ချက်ကို အခြေခံတွက်ချက်ရမည်။ (၂) အကျဉ်းသားတစ်ဦးစီအတွက် သူတို့၏ မက်သဒုံးလိုအပ်ချက်ပမာဏအတိုင်း သတ်မှတ်ချိန်တိုင်းတွင် တိုက်ကျွေးရမည်။ (၃) အကျဉ်းထောင်ထဲ အကျဉ်းကျနေစဉ်ကာလတစ်လျှောက်လုံး စဉ်ဆက်မပြတ် တိုက်ကျွေးရမည့်အပြင် အကျဉ်းထောင်မှ လွတ်မြောက်သည့်အချိန်တွင်လည်း ထိုအစီအစဉ်အတိုင်း ပြင်ပတွင် ဆက်လက်ချိတ်ဆက် ကုသခြင်းကို လုပ်ဆောင်ပေးရမည်။[၂၈]

ကျန်းမာရေးသတ်မှတ်ချက်များအရ မူးယစ်ဆေးဝါးစွဲခြင်းသည် ရေရှည်ကုသရမည့် နာတာရှည်ရောဂါတစ်ခုအဖြစ် သတ်မှတ်ထားပြီး ထိုရောဂါကိုကုသရန် မက်သဒုံးတိုက်ကျွေးခြင်းကို နည်းလမ်းတစ်ခုအဖြစ် ကျင့်သုံးနေကြပါသည်။ ထိုသို့ တိုက်ကျွေးခြင်းဖြင့် မူးယစ်ဆေးဝါး မသုံးစွဲရလျှင် ယဉ်းထသောဝေဒနာကို သက်သာစေခြင်းနှင့် ဆေးသုံးစွဲချင်စိတ် သက်သာစေခြင်းတို့ကြောင့် မူးယစ်

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

ဆေးစွဲသူအချင်းချင်း ဆေးထိုးအပ်မျှသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါကူးစက်ခြင်းကိုလည်း ရှောင်ရှားနိုင်ပါသည်။ ထို့အပြင် ရာဇဝတ်မှု ဖြစ်ပွားနှုန်းကိုပါ လျော့နည်းစေပါသည်။

> မူးယစ်ဆေးဝါး သုံးစွဲသူများအနေဖြင့် ဆေးမပြတ်ရသည့် အကြောင်းရင်းမှာ မူးယစ်ဆေးကို စွဲလမ်းပြီး ယဉ်းကန်သော ဝေဒနာကြောင့် အမြဲတမ်းသုံးစွဲချင်စိတ် ပေါ်လာလို့ဖြစ်တယ်။ အဓိကကတော့ အကြောထဲ ထိုးတဲ့သူတွေက များသောအားဖြင့် မပြတ်ဘူး၊ မက်သဒုံးပေးရခြင်းရဲ့ မူလရည်ရွယ်ချက်ကတော့ ဆေးသုံးစွဲသူများအနေနဲ့ ဆေးထိုးအပ်ကို စနစ်တကျ မသုံးစွဲတဲ့အတွက် HIV ရောဂါဖြစ်ပွားမှု ပိုမိုများပြားလာတာကို ကာကွယ်ဖို့ ရည်ရွယ်ပြီး သောက်ဆေးကို အစားထိုးခြင်းဖြစ်တယ်။ နောက်တစ်ခုက တစ်ခါသောက်ရင် တစ်နေကုန် ခံတဲ့ အတွက်ကြောင့် သူတို့မှာ ခဏခဏ ပြန်သုံးနေရတဲ့ ဆေးသမားပုံစံမျိုး မဖြစ်တော့ဘူး။ သူတို့ရဲ့ စိတ်ထဲမှာ ဆေးသုံးနေတဲ့ ပုံစံမဟုတ်တော့ဘဲ သောက်ဆေးနဲ့ ဆေးကုနေရတဲ့ စိတ်ခံစားချက်လည်းရတယ်။ မက်သဒုံးကလည်း ဘိန်းအမျိုးအနွယ်တစ်မျိုးပဲ။ သူ့ကိုသောက်ရင် အခြားမူးယစ်ဆေးဝါးသုံးစွဲချင်တဲ့ ယဉ်း မရှိတော့ဘူး။ အကြောထဲထိုးတာ ပျောက်သွားမယ်။ စနစ်တကျ ထုတ်ထားတာဖြစ်လို့ လမ်းဘေးက ဆေးတွေလို ဘေးထွက်ဆိုးကျိုး အများကြီးမရှိဘူး၊ အရမ်းနည်းတယ်။ နောက်ကကပ်လာတဲ့ ကောင်းကျိုးလေးတွေက အလုပ် ကောင်းကောင်းလုပ်နိုင်တယ်။ ပိုက်ဆံမကုန်တော့ဘူး၊ ရာဇဝတ်မှုလည်း မဖြစ်တော့ဘူး။ (စိတ်ရောဂါအထူးကုဆရာဝန်တစ်ဦးနှင့် အင်တာဗျူး)

အကျဉ်းထောင်များအထဲတွင် မူးယစ်ဆေးဝါးကို စနစ်တကျ ကုသပေးသည့်လုပ်ငန်းစဉ် မရှိသည့်အတွက် မူးယစ်ဆေးဝါး မသုံးစွဲရခြင်းကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်မှုများ ပိုမိုဖြစ်ပေါ်သည်ကို တွေ့ရှိရပါ သည်။

ထို့အပြင် တချို့သော အကျဉ်းသားများသည် ရုံးထွက်ချိန်တွင် မူးယစ်ဆေးဝါး ခိုးဝှက်သယ်ယူလာခြင်း၊ အကျဉ်းထောင် ဝန်ထမ်းများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးကို ထောင်အတွင်းသို့ ခိုးသွင်းခြင်းတို့ကို ပြုလုပ်ပြီး အပ်တစ်ချောင်းကို လူများစွာ အသုံးပြုကြသောကြောင့် နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သည့် HIV ရောဂါပိုးကူးစက်ခံရမှုမှာ အကျဉ်းထောင်အတွင်းတွင် အလွန်မြင့်မားလာသည်ကို တွေ့ရပါသည်။

ဆေးသမားတွေလည်းရှိတယ်။ သူတို့ယဉ်းထလာရင် သိပ်ကြောက်ဖို့ကောင်းတယ်။ အထဲမှာ အပ်တစ်ချောင်း ကို ၈ ထောင်လောက်ရှိတယ်။ HIV သမားသုံး ထားတဲ့ အပ်ဆိုလည်း ယူထိုးလိုက်တာပဲ။ HIV ရှိတာ သိပေမယ့် သေတာကနောက်မှ အခုကတော့ ဆေးသုံးရဖို့လိုတယ် ဆိုတာမျိုး။ မြစ်ကြီးနားထောင်က ပြောင်းလာတဲ့အထဲ က ဆိုရင် ၁၀ ယောက်မှာ ၈ ယောက်လောက်က HIV ရှိတယ်။
(၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသည့် မူးယစ်ဆေးရောင်းဝယ်သူ)

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

ထိုကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲသူ အကျဉ်းသားများအား စနစ်တကျ ဆေးဝါးကုသပေးမှု မရှိသည့်အတွက် ထိုသူများ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ချိန်တွင် အများစုမှာ မူးယစ်ဆေးပြန်လည်သုံးစွဲကြပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်း ပိုမိုမြင့်တက်လာသည်ကို လက်ရှိအကျဉ်းထောင်များရှိ မူးယစ်ဆေးဝါးမှုကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားအရေအတွက်ကို ကြည့်ခြင်းဖြင့် တွေ့မြင်နေရပါသည်။

အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲမည်ဆိုလျှင် အကျဉ်းထောင်အတွင်း အရေအတွက်အများဆုံးရှိနေသော မူးယစ်ဆေးဝါးမှုဖြင့် ထောင်ကျနေသည့် မူးယစ်ဆေးစွဲနေသူများကို ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် အလွန်အရေးကြီးသည်ကို တွေ့ရှိရပါသည်။ ▲

© EMK 2018 | PhotoVoice



## ၃.၂.၃။ လိင်လုပ်သားများ၏

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များသည် လိင်လုပ်သား အကျဉ်းသူများအတွက် ခွဲခြားဆက်ဆံမှုခံနေရသော နေရာတစ်ခုဖြစ်ပါသည်။ လိင်လုပ်သားအများစုမှာ ငွေကြေးချို့တဲ့၍ အိမ်မှ လာရောက် မတွေ့ဆုံနိုင်ခြင်းနှင့် အဖမ်းခံရသည်ကို မိသားစုဝင်များမှ မသိခြင်းကြောင့် အကျဉ်းထောင်ထဲတွင် အခက်အခဲအများဆုံး ကြုံတွေ့နေရသော လူ့အဖွဲ့အစည်းတစ်ခု ဖြစ်နေပါသည်။ အကျဉ်းထောင်လက်စွဲတွင် အမျိုးသမီးအကျဉ်းသူ အားလုံး အတွက် ပြဋ္ဌာန်းချက်များ ရှိသော်လည်း လိင်လုပ်သားများ အတွက် သီးခြားပြဋ္ဌာန်းချက်မျိုး မပါရှိပါ။

ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးအကျဉ်းသူများအပေါ် လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းများနှင့် ပြစ်မှုကျူးလွန်သူ အမျိုးသမီးများအတွက် အချုပ်လွတ် ထုချေခွင့်ဆိုင်ရာ စည်းမျဉ်း (The Bankok Rule)[၂၆] တွင် အနိမ့်ဆုံး လိုက်နာရမည့် စည်းကမ်းများကို ဖော်ပြထားပြီး အမျိုးသမီးအကျဉ်းသူများသည် ထိခိုက်ခံစားလွယ်သော အုပ်စုဝင်များ ထဲမှ တစ်စုဖြစ်ပြီး သူတို့အတွက် အထူးလိုအပ်ချက်များ ရှိနေသည်ကို ထည့်သွင်းစဉ်းစားရမည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။ ထိုအားနည်းသော အမျိုးသမီးအကျဉ်းသူများထဲမှ လိင်လုပ်သား အမျိုးသမီးအကျဉ်းသူများသည် ပို၍ထိခိုက်လွယ်သော လူ့အဖွဲ့အစည်း ဖြစ်ပြီး အကျဉ်းထောင်ထဲတွင် ပိုမိုဖေးမကူညီရမည့်အစား လက်ရှိ အခြေအနေတွင် လိင်လုပ်သားများအနေဖြင့် အကျဉ်းထောင်ထဲသို့

စတင်ဝင်ရောက်ချိန်မှ အစပြု၍ ဖမ်းဆီးခံရသောပုဒ်မအရ အမျိုးသမီး အကျဉ်းသူအချင်းချင်းထဲမှာပင် ခွဲခြားဆက်ဆံခံနေသည်ကို တွေ့ရပါသည်။ အကျဉ်းထောင်အတွင်းသို့ အမျိုးသမီးအကျဉ်းသူ အသစ်များ ရောက်လာလျှင် ဘာမှုလဲဟု မေးပြီး ၃(က) ဆိုရင် အခြားအမှုများဖြစ်သည့် ခိုးမှု၊ မူးယစ်ဆေးဝါးအမှုတို့ထက် ပိုမို ခွဲခြားခြင်းကို ခံနေရပါသည်။

ထိုကဲ့သို့ လိင်လုပ်သား အမျိုးသမီးများကို ခွဲခြားဆက်ဆံသည်မှာ ဝန်ထမ်းများပင်မက အကျဉ်းသူအချင်းချင်းမှပါ ခွဲခြားဆက်ဆံသည်ကို တွေ့ရပါသည်။

ထောင်အဝင်အထွက်မှာ ထောင်ဝင်နံပါတ်ရွတ်တော့ ကိုယ်က အသံတိုးလို့ နင်တို့တွေ ဟိုဟာလုပ်စားနေ တုန်းကတော့ အဲ့လိုအသံလား၊ ဝင်လာတဲ့အမှုက ဘာ အမှုလဲ၊ စောက်ကြီးစောက်ကျယ် လုပ်နေတယ်။ ထောင်က ထွက်လည်း ဒါပဲပြန်လုပ်စားမှာပဲမဟုတ်လား လို့ အပြောခံရတာတွေရှိတယ်။
(၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၃(က) စွဲချက်တင်ခံရပြီး အိုးဘို ထောင်တွင် အချုပ်ဖြင့် ၈ လနေထိုင်ခဲ့ရသည့် အသက် ၃၂ နှစ်အရွယ် အမျိုးသမီး)

အမျိုးသမီးအကျဉ်းဆောင်ရောက်သည့်အခါတွင် လိင်လုပ်သားများကို အိမ်သာပတ်ဝန်းကျင်တွင်သာ အိပ်ခိုင်းပြီး မိလ္လာသန့်ရှင်းရေးအလုပ်ကို စေခိုင်းလေ့ရှိသည်ကို တွေ့ရပါသည်။ လိင်လုပ်သားအကျဉ်းသူများအနေဖြင့် အိမ်မှ ထောင်ဝင်စာ လာရောက်တွေ့နိုင်ခြင်း မရှိသောကြောင့် ထောင်ထဲတွင် နေထိုင်စားသောက်မှုအဆင်ပြေအောင် မိလ္လာအလုပ်ကို မလုပ်ချင်သော်လည်း လုပ်ကိုင်နေရသည့်အပြင် ငွေကြေးတတ်နိုင်သူ အခြားအကျဉ်းသူများ၏ ဝေယျာဝစ္စကိုလည်း လုပ်ကိုင်ပေးရပါသည်။

> သူတို့ကို မိလ္လာဘက်မှာထားတတ်ပြီး မိလ္လာသန့်ရှင်းရေး ခိုင်းတာမျိုးရှိပါတယ်။ အဓိကအားဖြင့် သူတို့စားဝတ်နေရေးအတွက် အိမ်ကမလာနိုင်တော့ အဆောင်အတွက်နဲ့ အခြားသူများရဲ့အလုပ် လုပ်ပေးတဲ့အတွက် စားဝတ်နေရေး အဆင်ပြေအောင် လုပ်ပေးထားတဲ့ သဘောပါပဲ။ HIV ရှိတဲ့သူကိုတော့ အဆောင်မှာရှိတဲ့ ရဲဘက်ဆေးအကူနဲ့ ပုံမှန် ဆေးတိုက်ပါတယ်။
>
> (အင်းစိန် ဗဟိုအကျဉ်းထောင် ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦးနှင့် အင်တာဗျူး)

ထို့အပြင် လိင်လုပ်သားများကို အကျဉ်းသူများအကြားတွင် အရှက်ရစေရန် ပုဒ်မတပ်၍ နှိမ့်ချခေါ်ဆိုခြင်းများကို ပြုလုပ် လေ့ရှိသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ နှိမ်ချဆက်ဆံခံရမှုအတွက် အကျဉ်းထောင်အရာရှိအဆင့်ဆင့်မှ တားမြစ်ခြင်း၊ အရေးယူခြင်းမျိုးလည်း မရှိသောကြောင့် အကျဉ်းသူများထဲတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု အများဆုံးခံနေရသော အုပ်စုလည်းဖြစ်နေပါသည်။ အကျဉ်းထောင်လက်စွဲတွင်

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

အကျဉ်းထောင်သို့ လက်ခံသော အမျိုးသမီးအကျဉ်းသူကို ရှာဖွေမည်ဆိုလျှင် ဆေးဘက် ဆိုင်ရာအရာရှိမှ အမိန့်ထုတ်ဆင့်နိုင်သည်။ အကျဉ်းသူ အမျိုးသမီးအား ယင်း၏အင်္ဂါအတွင်းတွင် တားမြစ်ပိတ်ပင်ထားသော ပစ္စည်း တစ်စုံတစ်ရာကို ထည့်သွင်းလာသည်ဟု အကြောင်းခိုင်လုံစွာ သံသယဖြစ်လျှင် အမျိုးသမီးအချင်းချင်းမှသာ ရှာဖွေရမည်[၃၀] ဟု ဖော်ပြထားပါသည်။

> ထောင်ထဲဆိုတော့ ဘယ်နေရာပဲဖြစ်ဖြစ် အဆင့်အတန်းတွေက အမြဲတမ်း ခွဲခြားကြတယ်။ ကိုယ်တွေက မပြည့်မစုံနဲ့ဆိုတော့ တော်တော်ကို ဒုက္ခရောက်တာပေါ့။ ဟိုး အရင်တုန်းက ဆိုရင် ထောင်ဝင်စာလာတွေ့တဲ့ ဟင်းထုပ်အဆီကပ်နေတဲ့ ပလပ်စတစ်အိတ်အစကိုတောင် နယ်ဖတ်ပြီးတော့ စားရတယ်။ ဟင်းအဆီလေး စားချင်တာကိုး၊ ဟင်းက ထောင်မှာက တစ်ပတ်မှ တစ်နပ်ပဲ ကျွေးတာဆိုတော့၊ အခုကတော့ ရက်တွေ များလာတာပေါ့၊ တစ်ပတ်ကို လေးရက်လောက် ကျွေးလာတာဆိုတော့ တော်တော်ကောင်းလာပါပြီ။ နည်းနည်းလေးပိုက်ဆံရှိရင် မရှိတဲ့လူကို ကျွန်မွေးတဲ့သဘောမျိုးဆိုတော့ ဘာပဲပြောပြော အခုက စားရသောက်ရပါတယ်။ အခုနောက်ပိုင်းဆို ဘူးဝမှာ ရှာတာက မိန်းမကိုယ်တွေပါ နှိုက်ရှာတယ်။ ဟိုးအရင်တုန်းကဆို အဲလိုမဟုတ်ဘူး။ ဟိုးအရင် တစ်ခါဝင်ပြီး တော်တော်ကြာမှ အခုနောက်ပိုင်းဝင်ရတော့ ဘယ်လိုတွေ ဖြစ်သွားပါလိမ့်ဆိုပြီး တွေးမိတယ်။ အခုကတဲ့ တိုင်တာတောတာတွေ ရှိလို့တဲ့၊ ဘယ်လိုပဲ ဖြစ်ဖြစ် မိန်းမကိုယ်တွေပါ ရှာတော့ ရှက်တာပေါ့။ အိပ် ဆောင်တွေကလည်း ပိုက်ဆံပေးရင် ပေးသလို၊ မပေးရင် မပေးသလိုပဲ အိပ်ရတာပဲ။

ထောင်ထဲကို ရောက်ပြီဆိုတာနဲ့ နေရာ အရင်ဝယ်ရတယ်။ ပိုက်ဆံမပေးရင်တော့ ပရမ်းပတာပဲ၊ ဟိုနေရာအိပ်၊ ဒီနေရာ အိပ်နဲ့။ ပိုက်ဆံပေးထားရင်တော့ ပုံသေပေါ့၊ ဒီနေရာ တစ်ခု တည်းမှာပဲ နေ့အိပ် ညအိပ်ပေါ့။ အိမ်က လာမဝင်သေးဘူး၊ ပိုက်ဆံလည်း မပါလာဘူးဆိုရင်တော့ ဒီအမှုနဲ့ဆိုရင်တော့ အိမ်သာချောင်ထဲ သွားအိပ်ပေါ့။ အရင်လည်း ရှိတယ်၊ အခု လည်းရှိတယ်၊ နောက်ထပ် ပိုက်ဆံမပေးနိုင်တဲ့သူ ဝင်လာ တော့မှ အရှေ့နည်းနည်းချင်း တိုးတိုးသွားရင်းနဲ့ အိမ်သာနဲ့ ဝေးမှာ။ အကျဉ်းသူအချင်းချင်းကတော့ နှုတ်နဲ့ ခွဲခြား ဆက်ဆံ တာမျိုးတော့ မရှိဘူး။ ဒါပေမဲ့ ဆရာမတွေတော့ လုပ်တယ်၊ ရှိတယ်၊ ခွဲခြားတယ်။ နည်းနည်းလေး မှား လိုက်တာနဲ့ ဖြောင်း ဖြောင်းနဲ့ ရိုက်တာပေါ့။ တန်းစီးတွေဆို ပိုဆိုးတာပေါ့၊ ဆရာ မတွေလည်း အခုထိကို ဒီအတိုင်းပါပဲ၊ ခွဲခြားနေတုန်းပါပဲ။ ပြောလိုက်ရင် ဖာမိုးမွှန်နေအောင် ပြောတာ။ တစ်ခုခုဆို သူတို့က သူခိုးနဲ့ လိင်လုပ်သားအမှုကို အရမ်းဆိုးတာ။ အရင် တုန်းကတော့ အရမ်းဆိုးဆိုးကြီးပေါ့၊ အခုကတော့ နည်းနည်း တော့ တော်သွားတာပေါ့။ ထောင်စရောက်တော့ ကျန်းမာရေး စစ်ဆေးပေးတာမျိုးတွေ ရှိတယ်၊ ပိုးစစ်ပေးတာမျိုး လည်းရှိ တယ်။

(ထောင်နှစ် ကြိမ်ကျဖူးပြီး ၂၀၁၉ ခုနှစ် တွင် ပုဒ်မ ၃(က)၊ (ခ) ဖြင့် အမှုရင်ဆိုင်ရင်း အင်းစိန် ထောင်တွင် အချုပ်သားဘဝဖြင့် နေထိုင်ခဲ့ရသည့် အသက် (၃၈) နှစ်အရွယ် အမျိုးသမီး)

## ၃.၂.၄။ လိင်စိတ် ပြောင်းလဲခံယူထားသူများ၏ ထောင်တွင်း နေထိုင်ရမှု အခြေအနေ

လိင်စိတ်ပြောင်းလဲခံယူထားသူများအနေဖြင့် အများဆုံး ဖမ်းဆီးခံရသည့်ပုဒ်မမှာ ရဲလက်စွဲတွင်ပါရှိသော မှောင်ရိပ်ခိုမှုနှင့် အယောင်ဆောင်မှုတို့ဖြစ်သည်။ လိင်စိတ်ပြောင်းလဲ ခံယူထားသူများ အနေဖြင့် အဖမ်းခံရသည်မှစ၍ အကျဉ်းထောင်မှ လွတ်မြောက်သည့် အချိန်အထိ နည်းလမ်းပေါင်းစုံဖြင့် ခွဲခြားဆက်ဆံခံနေရသောအုပ်စု ဖြစ်ပါသည်။ စီမံချက်ဆိုသောခေါင်းစဉ်အောက်တွင် အပြစ်ရှိ/မရှိ မဆန်းစစ်ပဲ ရဲတပ်ဖွဲ့ဝင်များ၏ အဖမ်းအဆီးကို ခံနေရသောသူများ ဖြစ်ပါသည်။ လိင်စိတ်ပြောင်းလဲခံယူထားသူတစ်ဦးနှင့် အခြား အမျိုးသားတစ်ဦး အတူရှိနေလျှင်ပင် အမျိုးသားကို မဖမ်းဆီးဘဲ သူတို့ ကိုသာ ဖမ်းဆီးမှုပြုလုပ်သည်ကို တွေ့ရှိရပါသည်။ ဖမ်းဆီးသည့်အချိန် တွင်လည်း သူတို့၏ လိင်စိတ်ပြောင်းလဲခံယူထားမှုကို အသိအမှတ် မပြုရုံသာမက ထိုအပေါ်တွင်အခြေခံ၍ လှောင်ရယ်နှိမ့်ချစရာအဖြစ် သတ်မှတ်ပြီး ပိုမိုအရှက်ရစေရန် အမြဲတမ်းလုပ်ဆောင်လေ့ရှိသည်ကို တွေ့ရှိရသည်။ ဖမ်းဆီးသောရဲတပ်ဖွဲ့ဝင်များက လူ့အခွင့်အရေး ချိုးဖေါက်သောလုပ်ရပ်များနှင့် နှိပ်စက်ညှဉ်းပန်းမှုများလည်း ပြုလုပ်ကြ သည်ကို ဖြေကြားမှုများအရ တွေ့ရှိရပါသည်။ ထို့အပြင် ရဲအချုပ်ခန်း တွင် MSM များအတွက် သီးခြားသတ်မှတ်ထားသောနေရာ မရှိသည့် အတွက် အမျိုးသားအချုပ်သားများနှင့် ရောထားသောကြောင့် နှိပ်စက် ခံရမှုများလည်း အစဉ်ကြုံတွေ့နေရပါသည်။ စီမံချက်ဖြင့် ဖမ်းဆီးသော ကြောင့် ဥပဒေကျူးလွန်သလိုမျိုး စစ်ဆေးမေးမြန်းခြင်းကို အသေအချာ ပြုလုပ်ခြင်းမရှိဘဲ ပြစ်ဒဏ်ချ အရေးယူခြင်းမျိုးကို ပြုလုပ်သည်လည်း တွေ့ရှိနေရပါသည်။ စီမံချက်ဖြင့် အဖမ်းခံရသည့်အချိန်တွင် အမျိုးသား

များကို မူး/ ဆူ ဟူသည့် ပုဒ်မဖြင့် တရားရုံးမှာ ဒဏ်ငွေဆောင်ပြီး လွှတ်တာမျိုး ပြုလုပ်တတ်သော်လည်း လိင်စိတ် ပြောင်းလဲခံယူထားသူများအား မှောင်ရိပ်ခိုမှုဖြင့် ထောင် ၁ လ မှ ၃ လ အထိ တရားရုံးများမှ အပြစ်ပေးလေ့ ရှိသည်ကိုလည်း လက်ရှိအချိန်အထိ တွေ့မြင်နေရပါသည်။

၂၀၁၃ ဂျူလိုင် ၁၀ ရက်နေ့မှာ စီမံချက်နဲ့ဆိုပြီး ဖမ်းတာခံရတယ်။ တစ်ညတည်းနဲ့ မိန်းမလျာ ၂၈ ယောက် ဖမ်းခံရတယ်။ ဖမ်းတာ နည်းမျိုးစုံနဲ့ဖမ်းတယ်။ တစ်ယောက်ဆို သူ့ရည်းစားကောင်လေးနဲ့ စကားရပ်ပြောနေတာ သူ့ကောင်လေးကျမဖမ်းဘဲ သူ့ပဲ ဖမ်းသွားတယ်။ တိုင်းရုံးရောက်သွားတဲ့ ၇ ယောက် ၈ ယောက်ဆို အကတွေ ကခိုင်းတယ်။ သူတို့ အောက်ခံအင်္ကျီတွေနဲ့ ရဲတွေရဲ့ဖိနပ်ကို တိုက်ခိုင်းတယ်။ ကျဉ်စက်တွေနဲ့ ရင်သားတွေကို တို့တယ်။ ကိုယ်တုံးလုံးချွတ်ခိုင်းပြီး ယောကျ်ားလား၊ မိန်းမလား ဖွတ်မေးပြီး ယောကျ်ားပါလို့ ဖြေရင် ပြန်လွှတ်မယ်လို့ ပြောတာမျိုးတွေ လုပ်တယ်။ အိမ်နဲ့ဆက်သွယ်ခွင့်ရချင်ရင် ရဲက နင့်ရင်သားတွေပေးကိုင်၊ ရဲမေကလည်း မျက်ခုံးမွေးရိတ်ပေးမယ် အဲဒါဆိုရင် ဆက်သွယ်ခွင့်ပေးမယ်ဆိုတာ တွေ့ကြုံရတယ်။

အချုပ်ခန်းထဲရောက်တော့ အကျဉ်းသားအချင်းချင်း ရိုက်မယ် နှက်မယ်ခြိမ်းခြောက်ပြီး အိမ်ကနေ ငွေတောင်းခိုင်းတာတွေရှိတယ်။ အချုပ်သားတွေက မျက်နှာတွေကို ကန်တာတွေရှိတယ်။ ရဲတွေကလည်း ဘာမှမပြောဘူး။ အချုပ်ထဲရောက်ရောက်ချင်း ဖုန်း လုံးဝဆက်ခွင့်မပေးဘူး။

(LGBT အရေးလှုပ်ရှားသူ)

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

ကမ္ဘာ့ကုလသမဂ္ဂမှ ၁၉၄၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁) လူသားတိုင်း မွေးဖွားလာကတည်းက တန်းတူဖြစ်သည်။ အပိုဒ် (၂) မည်သူကိုမျှ ခွဲခြားဆက်ဆံခြင်း မပြုရ။ အပိုဒ် (၁၁) ခိုင်လုံသော အထောက် အထား မရှိမချင်း ထိုသူသည် အပြစ်မရှိဟုသတ်မှတ်ခွင့်[၃၂] စသော အချက်များကို လိင်စိတ် ပြောင်းလဲခံယူထားသူများအနေဖြင့် ရဲစခန်း၊ တရားရုံး၊ အကျဉ်းထောင်တို့တွင် လုံးဝရရှိခြင်း မရှိသည်ကိုလည်း တွေ့မြင်နေရပါသည်။

အကျဉ်းထောင်များတွင် လိင်စိတ်ပြောင်းလဲခံယူမှုကို အသိအမှတ်ပြုမှု မရှိသေးသည်ကို တွေ့ရှိရပါသည်။ အင်းစိန်အကျဉ်းထောင်တွင် လိင်စိတ်ပြောင်းလဲခံယူထားသူများအတွက် သီးခြားထားပေးမှု ရှိသော်လည်း အခြားထောင်အများစုတွင် သီးခြားထားပေးခြင်း မရှိသည်ကို တွေ့ရပါသည်။ တချို့ထောင်များတွင် HIV ဝေဒနာသည်များနှင့် ရောထားသည်ဟုလည်း ဖြေကြားမှုများရှိပါသည်။ ထိုသို့ထားခြင်းသည် အကျဉ်းထောင်အတွင်း အခြားသောပြဿနာ မဖြစ်အောင် ထားခြင်းမျိုးသာဖြစ်ပြီး သူတို့၏ လိင်စိတ်ပြောင်းလဲခံယူမှုကို အသိအမှတ်ပြုသည့်သဘော မဟုတ်ပါ။ အကျဉ်းထောင်ထဲတွင် LGBT များအတွက် စိတ်ပိုင်းဆိုင်ရာ နောက်ပြောင်စော်ကားမှုမျိုးသာမက ရုပ်ပိုင်းဆိုင်ရာ စော်ကားမှုမျိုးပါ ဝန်ထမ်းများသာမက အခြားအကျဉ်းသားများကပါ ပြုလုပ်ကြသည်ကို တွေ့ရပါသည်။ ထို့အပြင် အမျိုးသားအကျဉ်းသားများနှင့် ရောထားသည့်အတွက် လိင်ပိုင်းဆိုင်ရာစော်ကားမှုမျိုး ကြုံတွေ့ရလေ့ရှိပြီး အကာအကွယ် အသုံးပြုခွင့်မရှိသည့်အတွက် HIV ရောဂါပိုး ကူးစက်ခံရမှုအခြေအနေ ဖြစ်နိုင်မှုများပြားသည်ကို တွေ့မြင်ရပါသည်။ ၂၀၁၅ ခုနှစ်တွင် ရရှိသော အချက်အလက်အရ LGBT များတွင် HIV ရောဂါပိုး ကူးစက်ပြန့်နှံ့မှုမှာ အရှေ့တောင်အာရှတွင်

၄.၃% ရှိပြီး အာဖရိကဒေသတွင် ၁၄.၉% ရှိကြောင်း WHO မှ ဖေါ်ပြထားသည်ကို တွေ့ရပါသည်။ အကျဉ်းထောင်များအတွင်းတွင် HIV ရောဂါပိုးကူးစက်မှု ဖြစ်ပွား နိုင်ချေရှိသောကြောင့် ကမ္ဘာ့နိုင်ငံ ၂၈ နိုင်ငံတွင် အကျဉ်းသားများကို Condoms အသုံးပြုခွင့် ပေးထားသည်ကို တွေ့ရပါသည်။[၃၃] မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် လိင်စိတ် ပြောင်းလဲမှုကို အသိအမှတ်မပြုသလို အကျဉ်းထောင်အတွင်း လိင်ဆက်ဆံမှုကို မည်သည့်အကျဉ်းသားကိုမှ ဥပဒေအရ တရားဝင် ခွင့်ပြုထားခြင်း မရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ ရှိ အကျဉ်းထောင်များတွင် လိင်တူချင်း ကာမဆက်ဆံမှုမျိုးကို တရား မဝင် ပြုလုပ်မှုများရှိနေသည်ကို ဖြေကြားမှုများအရ တွေ့ရှိ ရပါသည်။

LGBT တို့ TG တို့အဆောင်ဆိုပြီး သပ်သပ်တော့ မရှိဘူး၊ အခန်းတော့ သပ်သပ်ရှိတယ်၊ LGBT တို့ TG တို့ အကုန်လုံး ရောထားတဲ့ အခန်းတော့ရှိတယ်။ အခြောက်မို့လို့ ထောင် ဝန်ထမ်းတွေကတော့ ခွဲခြားဆက်ဆံတာမျိုးတော့ မရှိဘူး။ ဒါပေမဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုတွေတော့ ရှိတယ်။ အခြောက်တွေဆိုတာကလည်း ဂဏှာမငြိမ်တာတွေလည်း ရှိ တာပေါ့၊ ဒါပေမဲ့ စိတ်ပါတဲ့နေ့လည်းရှိတယ်။ မပါတဲ့နေ့လည်း အများကြီးရှိတယ်၊ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ မရဘူး၊ သူတို့က အတင်းလုပ်တယ်။ ဒီသုံးလလောက်မှာဆို ကျွန်တော်က စော်ကားခံရတဲ့အကြိမ်က သုံးခါလောက်ပဲ ရှိတယ်၊ ကျွန်တော့်ထက် ကျွန်တော့်သူငယ်ချင်းတွေက

> ပိုပြီးတော့ခံရတယ်။ ကိုယ်လုံးက ပိုပြီးတော့လည်း လှတာကိုး၊ စိတ်မပါရင်တောင်မှ ဆွဲခေါ်ပြီးတော့ ရေချိုးခန်းနားဖြစ်ဖြစ် လုပ်တယ်။ အဓိကလုပ်တာကတော့ ထောင်မှာရှိတဲ့ ဝန်ထမ်းတွေပေါ့။
>
> (၂၀၁၉ ခုနှစ်တွင် ၃၀ (ဃ) ဖြင့် အင်းစိန်ထောင်တွင် ထောင်ဒဏ် ၃ လ ကျခဲ့သည့် အသက် ၂၇ နှစ်အရွယ် လိင်စိတ်ပြောင်းလဲခံယူထားသူ)

အကျဉ်းထောင်များသို့ ရုံးထွက်များ၊ အချုပ်အသစ်များ ဝင်ရောက်သည့်အခါ ဘူးတံခါးဝတွင် အကျဉ်းထောင် ဝန်ထမ်းများမှ ရှာဖွေစစ်ဆေးခြင်းကို ပြုလုပ်လေ့ရှိပါသည်။ ထိုသို့ရှာဖွေသည့်အခါ လိင်စိတ်ပြောင်းလဲခံယူသူများ ပါရှိပါက သူတို့၏ လိင်စိတ်ပြောင်းလဲ ခံယူထားမှုအပေါ် အခြေမခံဘဲ မူလရှိသော လိင်သဘာဝအတိုင်း ဆိုင်ရာ ဝန်ထမ်းများက စစ်ဆေးသည်ကို တွေ့ရှိရသည်။ ထို့အပြင် အလုပ်ခိုင်း သည့်အချိန်တွင်လည်း မူလလိင်သဘာဝအပေါ် အခြေခံ၍ သတ်မှတ် ခိုင်းစေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အဝတ်အစားဝတ်ဆင်သည့် ပုံစံကို မူလလိင်သဘာဝအတိုင်း ပြောင်းလဲဝတ်ဆင်စေခြင်းနှင့် ဆံပင် များကို အမျိုးသားအကျဉ်းသားများကဲ့သို့ ညှပ်ခြင်းများသည် ရုပ်ပိုင်း ဆိုင်ရာထက်ပိုသော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ခံစားရကြောင်း တွေ့ ရှိရပြီး ထိုအခြေအနေသည် လူသားတစ်ယောက်၏ အခြေခံလူ့အခွင့် အရေး[၃၄]ကို အကြီးအကျယ်ချိုးဖေါက်ရာ ရောက်နေပါသည်။

မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် တွေ့ကြုံနေရသော လာဘ်ပေးလာဘ်ယူမှုသည် အကျဉ်းထောင်များတွင် အကြီး အကျယ်

မန္တလေးထောင်ထဲ စဝင်ဝင်ချင်း Body Search လုပ်တယ်။ ဖင်ထဲ နှိုက်စစ်တယ်။ ခုချိန်ထိ အဲလိုတွေ စစ်ဆေးနေတုန်းပဲ။ ထောင်ကိုရောက်တော့ ပုံစံထိုင်ခိုင်းပြီးတော့ အခြောက်မပါရင် လက်ညှိုးထောင်လို့ပြောတော့ လက်ညှိုးထောင်တယ်။ စစ်တဲ့အခါမှာ ရင်သားတွေမပါတော့ အခြောက်ဟုတ်ကောဟုတ်ရဲ့လားဆိုပြီး မယုံသင်္ကာမေးတယ်။ ဆံပင်ညှပ်ခံရတယ်။ အခြောက်ဆောင်ကို တန်းပို့တယ်။

(၂၀၁၅ ခုနှစ်တွင် မည်သည့်ပုဒ်မဖြင့် အဖမ်းခံလိုက်ရမှန်း မသိ သည့် အကျဉ်းကျခံဖူးသော (၂၆) နှစ် အရွယ် Tran Gender)

ဖြစ်ပွားနေပြီး ငွေကြေးမတတ်နိုင်သူများနှင့် ခွဲခြားဆက်ဆံခံနေရသော လူ့အဖွဲ့အစည်းများအပေါ်တွင် အလွန်ဆိုးဝါးသော ဆိုးကျိုးသက်ရောက်မှုများ ရှိနေပါသည်။ အကျဉ်းထောင်များတွင် လူကုန်ကူးသည့်ပုံစံအထိ ကျူးလွန်မှုမျိုးရှိနေတတ်သည်ကိုလည်း တွေ့ကြုံခဲ့သူများ၏ ပြောပြချက်များအရ သိရှိရပါသည်။ ▲

အခြောက်တွေကို သပ်သပ်မထားဘူး။ ယောကျ်ားဆောင်မှာ အတူတူထားတယ်။ သူတို့ကို မိန်းမလိုနေစေချင်ရင် ကော်ဖီတစ်ပါကင်၊ နှစ်ပါကင်၊ ပိုက်ဆံတစ်သောင်းလောက် ပေးရတယ်။ ဝန်ထမ်းကလည်း လွှတ်ပေးပါတယ်။ ထောင်ထဲမှာ လူသစ်လေးတွေကို မွေးပြီး စားတာမျိုး၊ ရောင်းတာမျိုးလည်း ရှိတယ်။ ၂ သိန်းနဲ့ ရောင်းတယ်၊ ၃ သိန်းနဲ့ ရောင်းတယ်။ ဝယ်သွားကြတယ်။

(၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသည့် မူးယစ်ဆေးရောင်းဝယ်သူ)

## ၃.၃။ အကျဉ်းထောင် အတွင်း အစားအသောက် ကျွေးမွေးမှုနှင့် နေထိုင်ရမှု အခြေအနေ

### ၃.၃.၁။ အစားအသောက်ကျွေးမွေးမှု

အကျဉ်းထောင်အတွင်း အစားအသောက်ကျွေးမွေးမှု အခြေအနေမှာ အင်တာဗျူးဖြေကြားချက်များအရ ခွဲခြားမှုမရှိသည်ကို တွေ့ရှိရပါသည်။ ယခင်က အကျဉ်းထောင်အတွင်းတွင် ကျွေးမွေးမှုမှာ တစ်ပတ်လျှင် အသားတစ်နပ်သာ ကျွေးသော်လည်း ယခုအချိန်တွင် အသား (၄)နပ် အထိကျွေးမွေးသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အကျဉ်းထောင်အတွင်း ကျွေးမွေးသည့် အစားအစာများသည် ကျန်းမာရေးနှင့် ညီညွတ်မှု မရှိပါဟု ဖြေကြားမှုများရှိပါသည်။

အစားအသောက်က မနက်စာကို ထမင်းကြော်၊ ဆန်ပြုတ် ကျွေးတယ်၊ နေ့လယ်စာကတော့ တစ်ခါတလေကျရင် ပဲကုလားဟင်း ကျွေးတယ်၊ တာလပေါ်ကျွေးတာများတယ်၊ ကန်စွန်းရွက်ချဉ်ရည်ဟင်းတို့ ကျွေးတာများတယ်။ အရည်က တော့ ကျဲကျဲပေါ့၊ ထမင်းကတော့ တစ်ခါတလေကျတော့ ပျော့၊ တစ်ခါတလေကျရင် မာနေတာပေါ့။ သူတို့ ကျွေးတဲ့ဟာက အပြင်ကဟာတွေလောက်တော့ ကျန်းမာရေး နဲ့ မညီညွတ်ဘူး။ အစားအသောက်ကတော့ ပိုက်ဆံရှိတဲ့သူ ရော မရှိတဲ့သူရော အကုန်လုံးတန်းစီ၊ အားလုံး မျှမျှတတပဲ ရတယ်၊ ပိုပေး ပိုကျွေး တာမျိုးတော့ မရှိဘူး။

(၂၀၁၈ ခုနှစ်တွင် လိင်လုပ်သားမှုဖြင့် ပဲခူးထောင်တွင် နေထိုင်ခဲ့သည့် အသက် (၃၀) အရွယ် အမျိုးသမီး)

(SMR) ၏ ဥပဒေသ (၂၂) အပိုဒ် ၁ တွင် အကျဉ်းသားများကို အကျဉ်းထောင်အုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေးနှင့်ကိုက်ညီသော အဟာရပြည့်ဝသည့် အစားအသောက်များကို သေချာစွာစီမံ၍ အကျဉ်း သားတိုင်းကို ပုံမှန်သတ်မှတ်ထားသည့်အချိန်တွင် ကျွေးမွေးရမည်ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲတွင်လည်း အလုပ်လုပ်ရသော အကျဉ်းသား၊ အလုပ်မလုပ်ရသော အကျဉ်းသား၊ အချုပ်သား စသည်ဖြင့် အကျဉ်းသား အမျိုးအစားအလိုက် ကျွေးရမည့် အစားအသောက်စာရင်းကို အလေးချိန်ဖြင့် အတိအကျ သတ်မှတ်ထား ပါသည်။ ရမ်ဇန် ဥပုသ်သီလစောင့်ထိန်းသော ပုဂ္ဂိုလ်များအတွက် အထူး

## အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး

သတ်မှတ်ချက်နှင့် ဆေးရုံသို့ တက်ရောက်နေသော အကျဉ်းသား များအတွက် သီးခြားကျွေးမွေးရမည့် အစားအစာများကို တိတိ ကျကျ ပြဋ္ဌာန်းထားပါသည်။

> ၂၀၁၈၊ ၁လပိုင်း၊ ၁ ရက်က စပြီး အသားဟင်း တစ်ပတ် ၄ကြိမ် ကျွေးတယ်။ သောကြာ၊ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး အဲဒီရက်တွေ ကျွေးတယ်။ ထောင်ပိုင်က အကျဉ်းထောင် သက်သာချောင်ချိရေးအတွက် ကြက်တွေမွေးထားတာရှိ တယ်။ ကြက်သားပဲ ကျွေးတယ်။ အသားတုံးက ၇ ကျပ်သား လို့ သတ်မှတ်ထားပေမယ့် ၇ ကျပ်သား မရှိဘူး။ သတ်မှတ် ထားတဲ့ အစားအစာတွေအတိုင်း ကျွေးတာမဟုတ်ဘူး။ တစ်ခါ တလေ ငါးပိတောင် နပ်မမှန်ဘူး။ မနက်ပိုင်း ထမင်းကြော်၊ ဆန်ပြုတ်ကျွေးတယ်။ ပုံစံနဲ့ကျွေးတယ်။
>
> (၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် မန္တလေး၊ မိတ္ထီလာထောင် တို့တွင် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံရသည့် မူးယစ်ဆေး ရောင်းဝယ်သူ)

ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအတွက် အထူး ဂရုတစိုက် ကျွေးမွေးသည်ဟု အင်းစိန်အကျဉ်းထောင်မှ အငြိမ်းစား ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးမှ ပြောကြားသော်လည်း အကျဉ်းကျ ခံခဲ့ရသော အကျဉ်းသူတချို့၏ ပြောပြချက်အရ ကိုယ် ဝန်ဆောင် မိခင်များ၊ ကလေးများအတွက် အကျဉ်းထောင်အတွင်းတွင် သီးခြား သတ်မှတ်၍ ကျွေးမွေးခြင်းမျိုးမရှိဘဲ အကျဉ်းသူအချင်းချင်းသာ အပြန်အလှန် အကူအညီပေးရသည်ကို ဖြေကြားမှုများအရ တွေ့ရှိရ

ပါသည်။ ကမ္ဘာကုလသမဂ္ဂအထွေထွေညီလာခံမှ အမျိုးသမီးအကျဉ်းသူများအတွက် ထပ်မံပြဋ္ဌာန်းခဲ့သော (the Bangkok Rules) တွင် အကျဉ်းသူကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအတွက် အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု[၃၇] ကို အထူးသတ်မှတ်၍ ပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ထိုစံနှုန်းများအတိုင်း ဆောင်ရွက်ထားသည့်အခြေအနေ မရှိသည်ကို တွေ့ရပါသည်။

အမျိုးသမီး လစဉ်သုံးပစ္စည်းများကိုလည်း အင်းစိန်ထောင်တွင် လုံလောက်အောင်ပေးဝေသည်ဟု အကျဉ်းဦးစီး ဝန်ထမ်းဟောင်းတစ်ဦးမှ ပြောကြားသော်လည်း အခြားအကျဉ်းထောင်များတွင် လုံလောက်စွာမရရှိဘဲ အမျိုးသမီး အကျဉ်းသူအချင်းချင်းမှ ကူညီခြင်း၊ အမျိုးသမီးထောင်ဝန်ထမ်းများကို ငွေပေး၍ ဝယ်ယူခိုင်းခြင်းများ ပြုလုပ်နေရသည်ဟု ဖြေကြားမှုများရှိနေသည်ကို တွေ့ရပါသည်။ အချုပ်အကျဉ်းသူ အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်း လုံးဝထောက်ပံ့ပေးခြင်းမရှိဟု အားလုံးမှ ဖြေကြားထားသည်ကို တွေ့ရပါသည်။ ▲

## ၃.၃.၂။ အကျဉ်းထောင်အတွင်း နေထိုင်ရမှု အခြေအနေ

မြန်မာနိုင်ငံ၏ လက်ရှိအကျဉ်းထောင်များသည် သတ်မှတ်ထားသည့် လူဦးရေထက် အဆမတန်ပိုများနေသောကြောင့် အကျဉ်းထောင်တွင်း နေထိုင်ရသည်မှာ အလွန်ကျပ်တည်းသည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည်ကိုလည်း တွေ့မြင်ရပါသည်။ United Nations Standard Minimum Rules for the Treatment of Prisoners ၏ Accommodation အခန်းတွင် အကျဉ်းသားများအတွက် ညအိပ်ချိန်၌ လေဝင်လေထွက်ကောင်းသော၊ ရာသီဥတုနှင့် ကိုက်ညီသော အခန်းအခြေအနေ၊ လိုအပ်သော အလင်းရောင်ရရှိမှု[၃၈] စသည်တို့ကို စနစ်တကျ စီစဉ်ရန် ပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်အားလုံးတွင် ထိုအချက်အလက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ညအိပ်ချိန်၌ အကျဉ်းသားများသည် ဘေးတစောင်း အိပ်နေရပြီး အိပ်ချိန်အတွင်း အိမ်သာထသွားပါက ပြန်လာလျှင် အိပ်စရာနေရာ မရှိသည့် အဖြစ်မျိုးကို ကြုံတွေ့နေရပါသည်။ ထိုအခြေအနေသည် ယားနာအပါအဝင် အခြားရောဂါပိုးများ ကူးစက်ရန်အတွက် အလွန်လွယ်ကူသောအခြေအနေ ဖြစ်နေပြီး လာဘ်ပေးလာဘ်ယူကိစ္စများလည်း ဖြစ်ပေါ်စေပါသည်။

ညဆိုရင် တစောင်းအိပ်ရတယ်။ သေးပေါက်ထသွားရင် နေရာမရှိတော့ဘူး၊ လားရှိုးထောင်မှာ ၄ သိန်းဆိုရင် အိပ်ဖို့တစ်တောင့်တစ်ထွာရတယ်။ မြစ်ကြီးနားမှာဆိုရင် ၃ သိန်းလို့ပြောတယ်။ မိတ္ထီလာမှာ တစ်သိန်းခွဲရှိတယ်။ မန္တလေးထောင်မှာ ၂၀၁၃ က ပြတင်းပေါက်တစ်ပေါက်လုံးအတွက် တစ်သိန်းပေးရတယ်။
(၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် မန္တလေး၊ မိတ္ထီလာထောင်တို့တွင် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံရသည့် မူးယစ်ဆေးရောင်းဝယ်သူ)

ထိုကဲ့သို့ အကျဉ်းသားများ အကျဉ်းထောင်အတွင်း ကျပ်တည်းစွာ နေထိုင်ရသည့်အခြေအနေတွင် လိင်လုပ်သားအကျဉ်းသူများအတွက် ထပ်မံခွဲခြားခံနေရသည်ကို တွေ့မြင်ရပါသည်။ လိင်လုပ်သားအကျဉ်းသူအများစုသည် မိသားစုဝင်များမှ ထောင်ဝင်စာ လိုက်လံမတွေ့နိုင်သူများဖြစ်သောကြောင့် အကျဉ်းထောင်ထဲတွင် ငွေကြေးမပေးနိုင်သူများ ဖြစ်သည့်အပြင် လိင်လုပ်သား ပုဒ်မဖြင့် ကျခဲ့ရသူများဖြစ်သည့်အတွက် အဆောင်အတွင်းရှိ အိမ်သာအနားတွင်သာ နေရာချထားခြင်းခံရသူများ ဖြစ်နေပါသည်။ သူတို့၏ ကျန်းမာရေးအခြေအနေသည် အခြားအကျဉ်းသားများထက် ပိုမိုဆိုးရွားစေပြီး အဓိကအားဖြင့် HIV ရောဂါဝေဒနာ ခံစားနေရသူများအတွက် အခြားရောဂါများအလွယ်တကူ ဝင်ရောက်နိုင်သော အခြေအနေ ဖြစ်နေပါသည်။

ဒီပုဒ်မနဲ့ ကျတဲ့သူတွေဆို အိမ်သာနားမှာပဲ အိပ်ခိုင်းတယ်။ သမီးဆို အိမ်သာနဲ့ မလှမ်းမဝေးလေးမှာ အိပ်ရတယ်။

(၂၀၁၈ ခုနှစ်တွင် လိင်လုပ်သားမှုဖြင့် ပဲခူးထောင်တွင် နေထိုင်ခဲ့သည့် အသက် (၃၀) အရွယ် အမျိုးသမီး)

ကလေးမွေးဖွားပြီးခါစ မိခင်များကိုလည်း သီးခြား နေရာထိုင်ခင်း သတ်မှတ်ပေးမှု မရှိသောကြောင့် ကလေးနှင့် မီးဖွားပြီးကာစ မိခင်များအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအရ ထိခိုက်မှုများ ရှိနေပါသည်။ အထူးသဖြင့် အကျဉ်းထောင်အတွင်းတွင် အလွယ်တကူကူးစက်နိုင်သော အသည်းရောင်အသားဝါရောဂါပိုး၊ တီဘီနှင့် အခြားအရေပြားရောဂါပိုးများသည် အခြားသူများထက် ပိုမိုလွယ်ကူစွာ ကူးစက်ခံရနိုင်သည် အခြေအနေကို တွေ့မြင်ရပါသည်။

အကျဉ်းထောင်ရှိ အိပ်ဆောင်များတွင် ကွပ်ပျစ်များ ခင်းပေးထားသော်လည်း ကြမ်းပိုးများ အလွန်ပေါများသည့်အတွက် အကျဉ်းသားတိုင်းမှာ ယားနာရောဂါများဖြစ်ပွားလေ့ရှိပြီး အကျဉ်းထောင်မှ ဆေးဝါးလုံလောက်စွာ မပေးနိုင်သည့်အတွက် ထောင်ဝင်စာမလာနိုင်သော လိင်လုပ်သားအကျဉ်းသူများ၊ လိင်စိတ် ပြောင်းလဲခံယူထားသူများအတွက် ပုံမှန်ဖြစ်ပွားနေသောရောဂါတစ်ခု ဖြစ်နေသည်ကို တွေ့ရပါသည်။

လိင်စိတ် ပြောင်းလဲခံယူထားသူများအနေဖြင့် အကျဉ်းထောင်ထဲတွင် နေထိုင်ရသည့်အခြေအနေမှာ အခြားအကျဉ်းသားများလို တန်းတူအခွင့်အရေးမရရှိသည်ကို တွေ့ရသည်။ သူတို့ကို သီးခြားအဆောင်တွင် ခွဲထားပြီး ပိတ်ထားလေ့ရှိသည်ဟု ဖြေ ကြားမှုများ

ရှိပါသည်။ လိင်စိတ်ပြောင်းလဲခံယူထားသူများ အနေဖြင့် အကျဉ်းထောင်အတွင်းတွင် ထပ်မံ၍ ခွဲခြားဆက်ဆံမှုများကို ပြုလုပ်ခံနေရသည့် အခြေအနေဖြစ်နေသည်ကို တွေ့ရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အကျဉ်းထောင်ဥပဒေများတွင် လိင်စိတ်ပြောင်းလဲခံယူ ထားသူများ အတွက် သီးခြားသတ်မှတ်ထားသော ဥပဒေပြဋ္ဌာန်းချက်များ မရှိသည်ကို လည်း တွေ့ရှိရပါသည်။ ▲

မန္တလေးအိုးဘိုထောင်မှာ ဝင်တာနဲ့ ယောကျ်ားလား၊ မိန်းမလျာလားလို့ မေးတယ်။ မိန်းမလျာဆိုရင် မိန်းမလျာ နေတဲ့အဆောင်မှာ သီးသန့်ထားတယ်။ သံဇကာ၂ထပ် ခတ်ထားတယ်။ ယောကျ်ားလေးထောင်ဖြစ်တဲ့အတွက် ယောကျ်ားလေးတွေဆိုရင် ထောင်ဥပဒေအတိုင်း ဘယ်အချိန်ကနေ ဘယ်အချိန်အထိဆိုပြီး အဆောင်အပြင်မှာ လွတ်လွတ်လပ်လပ်သွားလာ အလုပ်လုပ်ရတာတွေရှိပေမယ့် မိန်းမလျာတွေက အပြင်ထွက်ခွင့်မရဘူး။ ဆေးထိုး၊ ဆေးသောက် လုပ်ချင်တယ်ဆိုမှ ဆေးရုံ၊ ဆေးခန်းကို ခေါ်ပေးသွားတာမျိုးတွေရှိတယ်။ (LGBT အရေး လှုပ်ရှားသူ)

## ၃.၄။ ပြန်လည်ပြုစုပျိုးထောင်ပေးမှု

ဆင်းရဲသည့်နိုင်ငံများနှင့် အာဏာရှင်စနစ် ကျင့်သုံးသော နိုင်ငံများရှိ အကျဉ်းထောင်များတွင် ဆေးဝါးကုသမှုဆိုင်ရာ ပြည့်စုံလုံလောက်အောင် ဆောင်ရွက်ပေးနိုင်မှု မရှိခြင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် နိုင်ငံတကာစံနှုန်းနှင့်ပြည့်မီသော အကျဉ်းထောင်ဥပဒေများ ပြဋ္ဌာန်းထားမှု မရှိခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု အပါအဝင် အကျင့်ပျက်ခြစားမှုများ ရှိနေသောကြောင့် အကျဉ်းထောင်အတွင်း ရောက်ရှိသူတိုင်းမှာ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ အမြဲတစေ ကြုံတွေ့နေကြရပါသည်။ ထို့အပြင် အာဏာရှင်အစိုးရများ အနေဖြင့် အကျဉ်းထောင်သို့ ရောက်ရှိလာသောသူများသည် ဒုစရိုက်မှု ကျူးလွန်၍ ရောက်ရှိလာသော အပြစ်သားများဟု သတ်မှတ်ထားသည့် အခြေအနေ များကြောင့် အကျဉ်းထောင်များရှိ အကျဉ်းသားများသည် စိတ်ဒဏ်ရာ၊ စိတ်ဝေဒနာများရရှိကာ အကျဉ်းထောင်မှ လွတ်မြောက်သည့်အချိန်တွင် ပြင်ပလူ့အသိုင်းအဝန်းသို့ ပြန်လည်ဝင်ဆံ့ရေး ခက်ခဲစေသည့် နေရာတစ်ခုဖြစ်နေပါသည်။[၂၉] ထို့ကဲ့သို့ အခြေအနေမျိုးတွင် K.P များအဖို့ အခြားအကျဉ်းသားများထက် ပိုမိုထိခိုက်မှုရှိနေသည်ကို တွေ့ရပါသည်။ အထူးသဖြင့် လိင်လုပ် သားများအပေါ် ခွဲခြားဆက်ဆံမှုများ၊ လိင်စိတ် ပြောင်းလဲခံယူထားသူများအပေါ် အသိအမှတ်မပြုသည့်အပြင် နှိမ့်ချလှောင်ပြောင်စရာအဖြစ် ဆက်ဆံမှုများကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက် မှုများ ခံစားခဲ့ရသည်ကို တွေ့ရှိရပါသည်။

ထောင်ကိုတော့ ထပ်မသွားချင်တော့ဘူး၊ ထောင်ဆိုတာ လူ့ငရဲ လို့ပဲမြင်တယ်။

(၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၃(က) ဖြင့် စွဲချက်အတင်ခံရပြီး အိုးဘို ထောင်တွင် အချုပ်ဖြင့် ၈ လနေထိုင်ခဲ့ရသည့် အသက် (၃၂)နှစ် အရွယ် အမျိုးသမီး)

ကိုယ်က အခုဆိုရင် ရဲတွေကို မုန်းသွားတယ်၊ ရဲတွေဆို မြင်လည်းမမြင်ချင်၊ ကြားလည်းမကြားချင်ဘူး၊ ကောင်းတာက ရဲတွေအကြောင်း သိလာတယ်။ ဥပဒေတွေ လေ့လာဖြစ်တယ်၊ မကောင်းတာက ရဲတွေတွေ့ရင် ကြောက်တယ်။ လန့်တယ်။ ထောင်ကထွက်ပြီးနောက် ရုပ်ပိုင်းထက် စိတ်ပိုင်းဆိုင်ရာက ပို ထိခိုက်တယ်။

(၂၀၁၅ ခုနှစ်တွင် မည်သည့်ပုဒ်မဖြင့် အဖမ်းခံရမှန်းမသိရှိသည့် အကျဉ်းကျခဲ့ဖူးသော (၂၆) နှစ် အရွယ် Trans Gender)

အကျဉ်းထောင်သည် အကျဉ်းသားများအတွက် ပြစ်ဒဏ်ပေးသည့်သဘော မဟုတ်ဘဲ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးရန်၊ လူကောင်းသူကောင်းများ ဖြစ်လာစေရန်ဆိုသော ရည်ရွယ်ချက်ကို ၂၀၁၅ ခုနှစ်တွင် လွှတ်တော်သို့ တင်သွင်းခဲ့သော အကျဉ်းထောင်ဥပဒေမူကြမ်း၏ ရည်ရွယ်ချက်တွင် ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရပါသည်။[၆၀] HIV အပါအဝင် ကူးစက်ရောဂါဝေဒနာ

ခံစားနေရသည့် အကျဉ်းသားများအတွက် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုမျိုး အကျဉ်းထောင်များတွင် ဆောင်ရွက်ပေးခြင်းမရှိသည်ကို တွေ့မြင်နေရပါသည်။ အင်းစိန်အကျဉ်းထောင်တွင် လိင်လုပ်သားအကျဉ်းသူများ၊ HIV, TB ရောဂါဝေဒနာရှင်များအတွက် ရန်ကုန်ဆေးရုံကြီးမှ နှစ်သိမ့်ဆွေးနွေးမှုအစီအစဉ် (Counseling) လာလုပ်ပေးသည်ဟု ပြောကြားသော်လည်း အုပ်စုလိုက်သာ တွေ့ဆုံဆွေးနွေးနှစ်သိမ့်နိုင်ခြင်းနှင့် ပုံမှန်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကို တွေ့ရှိရသည့်အတွက် ထိရောက်မှု အားနည်းနိုင်ပါသည်။

အကျဉ်းသားများအနေဖြင့် ထောင်မှလွတ်မြောက်ပြီး လူမှုပတ်ဝန်းကျင်တွင် လူ့ဂုဏ်သိက္ခာရှိရှိ နေထိုင်ရပ်တည်နိုင်ရေး အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများကို အကျဉ်းထောင်များအတွင်း လေ့ကျင့်သင်ကြားပေးမှုမရှိသည်ကိုလည်း အကျဉ်းကျသူများ၏ ဖြေကြားချက်များအရ တွေ့မြင်ရပါသည်။ ကျောင်းပညာတစ်ပိုင်းတစ်စဖြင့် ဝင်ရောက်လာသော အကျဉ်းသားများ၏ ပညာရေးအတွက် ပညာဆက်လက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးနေသော်လည်း အကျဉ်းထောင်အားလုံးတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ရပါသည်။

အကျဉ်းထောင်ထဲတွင် လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများသည် လွတ်မြောက်ပြီး ပြင်ပရောက်ချိန်တွင် လက်တွေ့ အသုံးချ၍မရသော၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုမရှိသော အလုပ်များသာဖြစ်နေပါသည်။ ထိုအခြေအနေသည် အကျဉ်းကျခံခဲ့ရသူများအားမူလအလုပ်များ ပြန်လည်လုပ်ကိုင်စေရန် တွန်းအားပေးသလို ဖြစ်နေပါသည်။ လူတစ်ဦးသည် အကျဉ်းထောင်အတွင်း ရောက်ရှိသွားသည်နှင့် တပြိုင်နက် ၎င်းတို့ ပြန်လည်လွတ်မြောက်သည့်အခါ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် အကူအညီ၊ အထောက်အပံ့များ

> ထောင်ထဲမှာ အသက်မွေးမှုဆိုလို့ ပန်းကပ်တစ်မျိုးပဲ ထိုးရတယ်၊ အသက်ကြီးတဲ့သူတွေက ကြယ်သီးတွေ လုပ်ရတယ်။ ပညာရေးတစ်ပိုင်းတစ်စ ဖြစ်နေတဲ့သူတွေကိုတော့ ကျောင်းပြန်တက်မလား မေးပြီး တက်ချင်ရင် စီစဉ်ပေးတယ်။ အပြင်ရောက်ရင် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်ရအောင် စီစဉ်ပေးတာတော့မရှိဘူး။
>
> (၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၃(က) ဖြင့် ပဲခူးထောင်တွင် ထောင်ဒဏ် တစ်နှစ် ကျခံခဲ့ရသည့် အသက် (၃၇) နှစ် အရွယ် အမျိုးသမီး)

မရရှိ သည်နှင့်အမျှ ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအား ပြန်လည်ကျူးလွန်နိုင်ခြေ များစွာရှိပါသည်။[၆၁]

မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲအရ အကျဉ်းထောင်တိုင်း၌ စာကြည့်တိုက်များထားပေးရပါမည်။ စာမဖတ်တတ်သော အကျဉ်းသားများအတွက် စာဖတ်တတ်သူများမှ ဖတ်ပြပေးရန် ဆောင်ရွက်နိုင်သည်[၆၂] ဟု ဆိုထားသော်လည်း လက်ရှိအကျဉ်းထောင်များအားလုံးတွင် စာကြည့်တိုက်များမရှိသလို စာကြည့်တိုက်ရှိသော အကျဉ်းထောင်များတွင်လည်း အကျဉ်းသားများ စာဖတ်ရန်အတွက် စာအုပ်များကို စနစ်တကျ စီစဉ် ပေးထားခြင်း မရှိသည်ကိုလည်း တွေ့ရပါသည်။

မိတ္ထီလာထောင်မှာ စာပေရေချမ်းစင်ရှိတယ်။ သို့သော် စာအုပ်တွေက အပျင်းပြေဖတ်လို့ ရတဲ့ဟာတွေပဲရှိတယ်။ စာကောင်းပေကောင်းတွေ မရှိဘူး။
(၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရ သည့် မူးယစ်ဆေးရောင်းဝယ်သူ)

အကျဉ်းသားများ၏ စာရိတ္တပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် အသိပညာ၊ ဗဟုသုတ တိုးပွားအောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တွင် စာပေဖတ်ရှုလေ့လာခြင်းသည် အရေးကြီးသော အခန်းကဏ္ဍအဖြစ် ပါဝင်ပါသည်။ အထူးသဖြင့် ပညာရေးအခြေခံ အားနည်းသော အကျဉ်းသားများဖြစ်သည့် လိင်လုပ်သားများ၊ LGBT များနှင့် မူးယစ်ဆေးသုံးစွဲသူများအတွက် မရှိမဖြစ် လုပ်ဆောင်ပေးရမည့် အစီအစဉ်တစ်ခုအဖြစ် ရှုမြင်သုံးသပ်မိပါသည်။ ▲




© EMK, Lal Pu, Myo, Mang & Ye 2018



Pan Nu, Ma Nwe & Hter Thakhin 2018 | PhotoVoice

အခန်း။ ၄

# လွတ်မြောက်ပြီးနောက် ဘဝရပ်တည်မှုနှင့် စိတ်ခံစားချက်

အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာသူများ သည် မိသားစု၊ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်များကြားတွင် အား ငယ်မှုများ ရှိတတ်ကြသည်။ ၎င်းတို့ကို မိသားစု၊ မိတ်ဆွေများမှ နားလည်လက်ခံ၍ ဖေးမပေးကြသည်များ ရှိသကဲ့သို့ ရှောင်ကြဉ် သူများလည်း ရှိကြသည်။ အကျဉ်းကျသွားသည့် ပုဒ်မပေါ်တွင် မူတည်၍လည်း ခွဲခြားမှုများ ရှိကြသည်။ အကျဉ်းထောင်များမှ ပြန်လွတ်လာသည့်သူများနှင့် အလုပ်အတူတူလုပ်ရန်၊ ၎င်းတို့အား လူအများကြားတွင် နေရာပေးရန်၊ ပေါင်းသင်းဆက်ဆံရန်အတွက် ပတ်ဝန်းကျင် အသိုက်အဝန်းမှ တွန့်ဆုတ်၊ ဝန်လေးမှုများရှိသည်။

ထောင်ကထွက်လာတဲ့သူတစ်ယောက်က လူမှုဆက်ဆံရေးဘက်မှာလည်း မကောင်းဘူး။ ထောင်ကလည်း ထွက်လာတယ်။ အဲ့လိုလူမျိုးကို နေရာပေးရတော့မယ်ဆိုရင် စဉ်းစားစရာတွေ အများကြီးရှိလာတယ်။ ဥပမာ ထောင်ထွက်သူငယ်ချင်းတစ်ယောက်ကို မဂ္ဂဇင်းမျက်နှာဖုံးပေါ်မှာ တင်မယ်ဆိုတဲ့အခါ တော်တော်ဒွိဟများကြတယ်။

(LGBT အရေးလှုပ်ရှားသူ တစ်ဦး)

ပြန်ထွက်လာရင် ၃၊ ၄၊ ၅ နှစ်လောက်က ပြန်ပြီး ကုစားရမှာပဲ။ ကိုယ်ကျထားတဲ့အမှုနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ကတော့ လန့်တာမျိုး၊ မယုံတာမျိုး ရှိမှာပဲ။ ဥပမာ ခိုးမှုနဲ့ ထွက်လာရင် ဒီကောင်ခိုးတတ်တယ်၊ စောင့်ကြည့်မှ ဆိုတာမျိုး။
(၂၀၁၄ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသည့် မူးယစ်ဆေးရောင်းဝယ်သူ)

လိင်လုပ်သားလုပ်ငန်း လုပ်ကိုင်ခဲ့သူများ သည် ပြန်လည်လွတ်မြောက်လာသည့်အခါ အသက်မွေးဝမ်းကျောင်းအတွက် အခြားအလုပ်များကို ပြောင်းလုပ်ရန် စဉ်းစားကြသော်လည်း ၎င်းတို့၏ဘဝသည် တစ်ကပြန်စရသလို ဖြစ်နေသည့်အပြင် ငွေကြေး အရင်းအနှီးမရှိခြင်း၊ ပညာရေးအားနည်းခြင်း၊ အတတ်ပညာမရှိခြင်းတို့ကြောင့် ယခင်အလုပ်ကိုပဲ ပြန်လုပ်ဖြစ်ကြသည်က များကြသည်။ ထိုသို့လုပ်ကိုင်ဖြစ်ရန်လည်း မိမိနှင့် ဘဝတူသူငယ်ချင်းများ၊ ယခင်က လုပ်ခဲ့ဖူးသည့် နေရာများမှ ပြန်လည် လက်တွဲခေါ်ခြင်းများကြောင့်လည်း ဖြစ်သည်။

ပြန်လွတ်လာတော့ အရင်နေရာမှာပဲ ပြန်နေဖြစ်တယ်။ အရင်အလုပ်ပဲ ပြန်လုပ်ဖြစ်တယ်။ ထူးထူးခြားခြား ပြောင်းလဲသွားတာ မရှိဘူး။ အခြားအလုပ်ပြောင်းချင်ပေမယ့် အဆင်မပြေတာကြောင့် ဒါကိုပဲ ဆက်လုပ် ဖြစ်တယ်။

(၂၀၁၇ ခုနှစ်တွင် ပုဒ်မ ၃(က)ဖြင့် ပဲခူးထောင်တွင် ထောင်ဒဏ် ၁နှစ်ကျခဲ့သည့် အသက် ၃၇ နှစ်အရွယ် အမျိုးသမီး)

ထောင်ထဲမှာ နေတုန်းကတော့ အပြင်ပြန်ရောက်လာရင် ဘာလုပ်မယ်ဆိုပြီးတော့ စိတ်ကူးထားတာတွေတော့ရှိတယ်။ ဒါပေမယ့် အပြင်ပြန်ရောက်လာတော့ မပြေလည်တော့လည်း ထပ်လုပ်ရတာပါပဲ။ အကျဉ်းဦးစီးက အတတ်ပညာသင်ပေးရင် အဆုံးထိမသင်ပေးဘူး။ တစ်ခုပဲ သင်ပေးတယ်။ သဘက်တစ်ထည်တောင်မှ အပေါက် ဖာတာပဲရှိတယ်။ ခါးဆွဲရှိတယ်။ တန်းဆက်ရှိတယ်။ အဲဒါတွေကို အဆုံးမသင်တော့ ဘယ်လိုလုပ်ပြီး လုပ်စားမလဲ။ လုပ်ကိုင်စားလို့ မရဘူး။ (ထောင် ၂ ကြိမ် ကျဖူးပြီး ၂၀၁၉ ခုနှစ်တွင် ပုဒ်မ ၃ (က)၊ (ခ) ဖြင့် အမှုရင်ဆိုင်ရင်း အင်းစိန်ထောင်တွင် အချုပ်သားဘဝဖြင့် နေထိုင်ခဲ့ရသော အသက် (၃၈) နှစ်အရွယ် အမျိုးသမီး)

လိင်စိတ်ပြောင်းလဲခံယူသူများအနေဖြင့် အကျဉ်းထောင် သို့ ရောက်ရှိသည့်အခါ အလွန်ကြောက်ရွံ့ခဲ့ကြရသည်။ မိမိကိုယ် တိုင် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိဘဲ ရောက်ရှိခဲ့သည့် အတွက် စိတ်ဒဏ်ရာရကြသလို မိသားစုများအနေဖြင့်လည်း စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်။ ထိုအခြေအနေမျိုးများဖြင့် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာသည့်အခါ မိသားစုများနှင့် သူငယ်ချင်းများမှ နွေးနွေးထွေးထွေးကြိုဆိုကြပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်ခဲ့မှုများ အတွက် ကူညီဖေးမကြသည်။ အခြား သူများကဲ့သို့ လွတ်လွတ်လပ်လပ် မသွားလာရဲတော့ဘဲ အကျဉ်းထောင်အတွင်းသို့ နောက်တစ်ကြိမ် ပြန်မရောက်ရန် အသွားအလာ၊ အနေအထိုင်များ ဆင်ခြင်ကြရသည်။

မူးယစ်ဆေးမှုဖြင့် ထောင်ကျခဲ့သူများတွင် အချို့လူများ သည် မူးယစ်ဆေးဆိုသည်ကို အသံပင် မကြားချင်တော့ဘဲ ရှောင်ကြဉ် သွားကြသော်လည်း အချို့သူများသည် မူးယစ်ဆေးနှင့် ဆက်လက် ပတ်သက်နေမှုများ ရှိကြသည်။ ထိုသို့ ရှောင်ကြဉ်ဖြစ်ရန် အကျဉ်းထောင် များမှ အသိပညာပေးမှု၊ စိတ်ပိုင်းဆိုင်ရာ ပြုစု ပျိုးထောင်ပေးမှုများ မရှိသော်လည်း မိမိကိုယ်တိုင်အသိစိတ်ဖြင့် မူးယစ်ဆေးကို စွန့်လွှတ်ခဲ့ ကြခြင်းဖြစ်သည်။

အကျဉ်းထောင်အတွင်းတွင် အာဟာရမျှတ၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ မစားသောက်ရသည့်အတွက် ပြန်လွတ်

ထောင်က ထွက်လာပြီးနောက်ပိုင်း ထောင်ထွက်မို့ ကိုယ့်မိသားစု၊ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တွေက ကိုယ့်ကို အမြင်စောင်းတာတွေတော့ မရှိဘူး။ အကုန်လုံး ဆီးကြိုကြတယ်။ လွတ်လာတော့ အရင်အလုပ် ပြန်မလုပ်တော့ဘူး။ အခုဆိုဈေးထဲမှာ ဈေးရောင်းတယ်။ ပန်းရန်တွေ့ရင် ပန်းရန်လုပ်တယ်။ ပိုက်ဆံရမယ်ထင်ရင် ဥပဒေနဲ့ လွတ်ကင်းတာဆိုအကုန်လုပ်တယ်။ ထောင်ကနေ ပြုပြင်ပြောင်းလဲပေးလိုက်လို့အလုပ်ပြောင်းတာတော့ မဟုတ်ဘူး။ ကိုယ့်သဘောနဲ့ကိုယ်၊ ကိုယ့်စိတ်နဲ့ကိုယ် ပြောင်းလုပ်တာ။ ထောင်ကနေလည်းအသက်မွေးဝမ်းကျောင်းတွေ မသင်ပေးလိုက်ပါဘူး။

(၁၉၉၆ ခုနှစ်တွင် ပုဒ်မ ၁၉ ဖြင့် အင်းစိန်ထောင်တွင်ထောင်ဒဏ် ၁၀ နှစ် ကျခဲ့သည့် အသက် (၄၇) နှစ် အရွယ်မူးယစ်ဆေးရောင်းဝယ်သူ အမျိုးသမီး)

လာသည့်အခါ ခန္ဓာကိုယ်များဖောရောင်နေခြင်း၊ အသားအရေ မွဲခြောက်နေခြင်း၊ အဝတ်အစားများ သေချာစွာ လျှော်ဖွပ်မလှန်းရသည့်အတွက် ယားနာများ ပေါက်နေခြင်းများ ကြုံရသည်။ ထို့အပြင် အခန်းအကျယ်အဝန်းနှင့် လူဦးရေမမျှတခြင်းကြောင့် တစ်ဖက်တည်း ဘေးစောင်းအိပ်ရသည့်အတွက် ကျီးပေါင်းတက်ခြင်းကဲ့သို့ဒဏ်များလည်း ပါလာကြသည့်အပြင် အခြားကူးစက်ရောဂါများဖြစ်သော တီဘီ၊ အသည်းရောင်အသားဝါရောဂါများလည်း ဆက်လက် ခံစားကြရသည်။ ▲




© Ma Nwe 2018 | PhotoVoice



# အခန်း။ ၅ ၊ နိဂုံး



© Ma Nwe 2018 | PhotoVoice

## ၅.၁။
## K.P များအပေါ်
## တိုက်ရိုက်သက်ရောက်
## မှုရှိသော
## ဥပဒေများအပေါ်
## သုံးသပ်ချက်

### ၅.၁.၁။ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)

ပုဒ်မ ၃၇၇ သည် အင်္ဂလိပ်ကိုလိုနီလက်ထက်မှ ပြဋ္ဌာန်းခဲ့သော ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)တစ်ခုဖြစ်သည်။ ဤပုဒ် မ၏ ရည်ရွယ်ချက်မှာ ယောက်ျားချင်း ကာမစပ်ယှက်မှု မပြုစေ ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသည့်လက္ခဏာရှိသည်။ အဓိကအား ဖြင့် ကျောင်းသားကလေးများ၊ အကျဉ်းသားများနှင့် လိင်စိတ် ပြောင်းလဲခံယူထားသူများတို့တွင် အဖြစ်များသော ပုဒ်မတစ်ခု ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေအရ “ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုဆိုသည်မှာ ယောက်ျားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ

ကျင်ကြီးစွန့်ရာ လမ်းကြောင်းဖြင့် သွားလာခြင်း (ကာမဆက် ဆံခြင်း) ကို အဓိကရည်ညွှန်းသည်။ ကျင်ကြီးစွန့်ရာလမ်းကြောင်း အပြင် ပါးစပ်ထဲသို့ ထည့်၍ သွားလာလျှင်လည်း ဓမ္မတာနှင့် ဆန့်ကျင်နေ၍ ပြစ်မှုမြောက်မည်ဖြစ်သည်။ အကျင့်ခံရသူက အလိုတူသည်၊ မတူသည်ကို လုံးဝစဉ်းစားရန် မလိုသည့် ပြစ်မှုတစ်ခု ဖြစ်နေသည်။ ထိုပြစ်မှုသည် ရဲအရေးပိုင်သောပြစ်မှုဖြစ်ပြီး အာမခံ မပေးနိုင်၊ ကျေအေးခွင့်မရှိ၍ ပထမတန်းအာဏာရ ပြစ်မှုတရားသူကြီးတို့မှ စစ်ဆေးစီရင်နိုင်သည်။”

ယခုအချိန်တွင် လိင်စိတ်ပြောင်းလဲခံယူမှုကို ကမ္ဘာပေါ်ရှိ တချို့နေရာများတွင် တရားဝင် အသိအမှတ်ပြုနေပြီး တရားဝင် လက်ထပ်ထိမ်းမြားခွင့် ရရှိနေပါသည်။ မြန်မာနိုင်ငံတွင် လိင်စိတ် ပြောင်းလဲခံယူမှုကို တရားဝင် အသိအမှတ်ပြုထားခြင်း မရှိသော် လည်း ထိုသို့ ပြောင်းလဲခံယူထားသူများကို တရားဝင်အရေးယူရန် ဥပဒေပြဋ္ဌာန်း သတ်မှတ်ခြင်းလည်း မရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း လက်ရှိပြစ်မှုသက်ရောက်စေသော ပုဒ်မ ၃၇၇ သည် မိမိဆန္ဒအလျောက် လိင်စိတ်ပြောင်းလဲခံယူထားသူ၏ သွားလာနေထိုင်မှုအပေါ် လိုအပ်လျှင် ဖမ်းဆီး အရေးယူနိုင်သည့် အပြင် ၎င်းတို့ကို ခြိမ်းခြောက်အနိုင်ကျင့်နိုင်သော ပုဒ်မတစ်ခုဖြစ် နေပါသည်။

ထိုပုဒ်မသည် လက်ရှိကာလအခြေအနေနှင့် ကိုက်ညီမှု မရှိသော ပုဒ်မတစ်ခုဖြစ်သောကြောင့် ပြုပြင်ပြောင်းလဲရန်လို အပ်သော ပုဒ်မတစ်ခုအဖြစ် တွေ့ရှိရပါသည်။ ▲

## ၅.၁.၂။ ရန်ကုန်ရဲအက်ဥ ပဒေ (၁၈၉၉) ခုနှစ်နှင့် (၁၉၄၅) ခုနှစ် ရဲအက်ဥ ပဒေ

ထို့အပြင် ရန်ကုန်ရဲအက်ဥပဒေ (၁၈၉၉) ခုနှစ်နှင့် (၁၉၄၅) ခုနှစ် ရဲအက်ဥပဒေများအရ ပုဒ်မ (၃၀) ဃ နှင့် ပုဒ်မ (၃၅) ဃ တို့သည် LGBT များအား အလွယ်တကူဖမ်းဆီးနိုင်သောပုဒ်မများ ဖြစ်နေပါသည်။ ထိုပုဒ်မများအရ မည်သည့်ရဲအရာရှိကမဆို ဝရမ်းမပါဘဲလည်း ဖမ်းဆီးနိုင်ပြီး ထောင်ဒဏ် (၃) လ အထိ အပြစ်ပေးနိုင်သည်ကို တွေ့ရပါသည်။ လက်ရှိကာလတွင် ထိုပုဒ်မများ၏ မူလပြဋ္ဌာန်းထားသော ရည်ရွယ်ချက်ဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကြိုတင်ကာကွယ်မှု အနေဖြင့် မိမိတာဝန်ကျရာ နယ်မြေဒေသတွင် အေးချမ်းသာယာရေး အတွက် ဆောင်ရွက်သည့် အခြေအနေအပြင် မိမိသဘောဆန္ဒ အလျောက် လိင်စိတ်ခံယူထားသူများကို အရေးယူနိုင်အောင် သုံးစွဲနေသည့် ဥပဒေတစ်ခုအဖြစ်သို့ပါ ရောက်ရှိနေသည်ကို တွေ့မြင်နေရပါသည်။ ထိုရဲအက်ဥပဒေများသည် နယ်မြေဒေသ အေးချမ်းသာယာရေးအတွက် လိုအပ်သော ဥပဒေများဖြစ်သော်လည်း လက်ရှိဖွင့်ဆိုထားသော အဓိပ္ပါယ်ဖွင့်ဆိုမှုတို့မှာ လူ့အခွင့်အရေး စံချိန်စံနှုန်းတို့နှင့် ကိုက်ညီမှု အားနည်းနေသောကြောင့် လူ့အခွင့်အရေးစံနှုန်းတို့နှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုမှုများ ပြန်လည်ပြုလုပ်ရန် လိုအပ်ပါသည်။

ယခုအခြေအနေတွင် ထိုရဲအက်ဥပဒေများသည် LGBT များအပေါ် အပြစ်ရှာ အရေးယူရန်အတွက် ကိရိယာ တစ်ခုကဲ့သို့ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

## ၅.၁.၃။ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ

၁၉၄၉ ခု၊ ဧပြီလ (၂၁) ရက်နေ့တွင် ပြည့်တန်ဆာပပျောက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် ပြည့်တန်ဆာပပျောက်ရေးအစား ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအဖြစ် ပြောင်းလဲပြင်ဆင်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ထပ်မံ ပြင်ဆင်ခဲ့သည်ကို တွေ့ရပါသည်။

ထိုဥပဒေအရ မြန်မာနိုင်ငံတွင် လိင်ဖျော်ဖြေမှုလုပ်ငန်းကို တရားဝင်ခွင့်ပြုထားခြင်း မရှိဘဲ ဖမ်းဆီးအရေးယူနိုင်သော ဥပဒေ တစ်ခု ဖြစ်နေပါသည်။ ဥပဒေ၏ ပုဒ်မ ၃(က) (ခ) သည် လိင် ဖျော်ဖြေမှုအလုပ်လုပ်ကိုင်သော အမျိုးသမီးများ၊ LGBT များကို အဓိက အရေးယူသည့် ပုဒ်မဖြစ်နေပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်အောက် မနည်း၊ သုံးနှစ်ထက် မပိုသောထောင်ဒဏ် စီရင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပါ သည်။[၄၄] ထိုသို့ဖမ်းဆီးရာတွင် ဒုတိယရဲအုပ်အောက် မနိမ့်သော ရဲအရာရှိမှ ပုဒ်မ ၃ အရ မိမိရှေ့တွင် ပြစ်မှုကျူးလွန်သူကို ဝရမ်း မပါဘဲ ဖမ်းဆီး ချုပ်နှောင်ခွင့်ရှိသည်။[၄၅]

လိင်ဖျော်ဖြေမှုလုပ်ငန်း လုပ်ကိုင်သည့်အိမ်အဖြစ် လုပ်ကိုင်ဆောင်ရွက်လျှင်လည်း ထိုလုပ်ကိုင်ဆောင်ရွက်သူကို အလုပ်ကြမ်းနှင့် သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်သည်[၄၆] ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ပြဋ္ဌာန်းထားသော ဥပဒေများအရ မြန်မာနိုင်ငံတွင် လိင်ဖျော်ဖြေမှုလုပ်ငန်းကို နေရာအတည်တကျသော်လည်းကောင်း၊ အတည်တကျမဟုတ်သောနည်းဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်မှုကို လုံးဝခွင့်ပြုခြင်းမရှိသည်ကို တွေ့ရပါသည်။

အက်ဥပဒေအရ လုပ်ပိုင်ခွင့်ကို လုံးဝတားဆီးထားသော် လည်း လိင်ဖျော်ဖြေမှုလုပ်ငန်းမှာ လုံးဝပပျောက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ တရားဝင်ခွင့်ပြုမှု မရှိသောကြောင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုကို တရားဝင် မရရှိဘဲ HIV ကဲ့သို့သော ကူးစက်ရောဂါပိုးပြန့်ပွားမှု တိုးပွားလာရခြင်းနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု၊ ခြိမ်းခြောက်ငွေတောင်းခံရမှုများသာ ဖြစ်ပွားနေပြီး လိင်လုပ်သားများအတွက် ခွဲခြားဖိနှိပ်ခံနေရ၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်မှု တစ်စုံတစ်ရာကို မည်သည့်နေရာကမှ မရရှိသည်ကို တွေ့ရပါသည်။ ပြည့်တန်ဆာပုဒ်မဖြင့် အရေးယူခံရ သော အမျိုးသမီးကို သတ်မှတ်ထားသည့်ဌာန၌ တားဆီးထိန်းသိမ်းသည့်နည်းဖြင့် ထောင်ဒဏ်ကျခံရစေရမည်[၆၇] ဟု ပြဋ္ဌာန်း ထားသောဥပဒေများအရ ဆိုထားသော်လည်း လက်တွေ့တွင် ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေဖြင့် အရေးယူခံရသူတိုင်းသည် အကျဉ်းထောင်များတွင်သာ ထားရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတကာတွင် လိင်ဖျော်ဖြေမှုလုပ်ငန်းကို သတ်မှတ်စည်းကမ်းများဖြင့် လုပ်ကိုင်ခွင့်ပြုနေသည်ကို တွေ့ရှိရပြီး လိင်လုပ်သားများအတွက် ကျန်းမာရေးဆိုင်ရာ အထူးစောင့်ရှောက် မှုကို ဆောင်ရွက်ပေးသလို လိင်အကြမ်းဖက်မှုကိုလည်း ကာကွယ်ပေးထားပါသည်။[၆၈]

မြန်မာနိုင်ငံ၏ လိင်လုပ်သား နှိပ်ကွပ်ရေးဥပဒေသည် လိင်လုပ်သားလုပ်ငန်း မပျောက်ပျက်သည့်အပြင် လိင်လုပ်သားများအား ခွဲခြားဆက်ဆံမှုဖြစ်စေရန် ပြဋ္ဌာန်းထားသော ဥပဒေတစ်ခုအဖြစ် ရှိနေသည်ကို တွေ့ရပါသည်။

ပြည်သူ့လွှတ်တော်မှ ပြည့်တန်ဆာ နှိပ်ကွပ်ရေးဥပဒေ အား ပြည့်တန်ဆာဆိုင်ရာဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲရာတွင် HIV ရောဂါပိုးကူးစက်မှု ကျဆင်းစေရန်၊ လိင်လုပ်သားများကို ခွဲခြားဆက်ဆံမှု ပပျောက်စေရေးနှင့် လိင်လုပ်သားများအား ရာဇဝတ်ပြစ်မှုကျူးလွန်သူအဖြစ် မသတ်မှတ်စေရေး ရည်ရွယ်၍ နိုင်ငံတကာ ဥပဒေများကို လေ့လာသုံးသပ်ပြီး ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ▲



© Pan Nu2018 | PhotoVoice

## ၅.၁.၄။ မူးယစ်အထူးဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် (၁/၉၃) ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထိုဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆) အရ ပြင်ဆင်ခဲ့ပါသည်။

ထိုပြင်ဆင်သည့် ဥပဒေ၏ အခန်း (၂) ရည်ရွယ်ချက်ထဲတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်ထိုးထားသော ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်သွားမည်[၄၉] ဟု ပါရှိပြီး၊ အသိပညာပေးရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်မည်[၅၀] ဟုလည်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

အသစ်ပြင်ဆင်လိုက်သည့် ဥပဒေတွင် မူးယစ်ဆေးဝါး သုံးစွဲသူကို အကျဉ်းချအပြစ်ပေးခြင်း မပြုလုပ်ဘဲ၊ လူမှုရေးလုပ်ငန်းများကို တစ်ရက် ၂ နာရီနှုန်းဖြင့် နာရီ ၂၄၀ မှ အများဆုံး နာရီ ၃၆၀အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ဆောင်ရွက်ရမည်[၅၁] ဟုပါရှိသော်လည်း နည်းဥပဒေ မထွက်ရှိသဖြင့် ယခုတိုင် အကောင်အထည် မဖော်နိုင်သေးသည်ကို တွေ့ရပါသည်။ ထိုဥပဒေ၏ ပုဒ်မ ၁၆(ဂ) တွင် ပြဋ္ဌာန်းချက်အရ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူသည် ထောင်ဒဏ်အနည်းဆုံး (၅) နှစ်မှ အများဆုံး (၁၀)နှစ် ကျခံရမည်[၅၂] ဟုပါရှိပြီး လက်ဝယ်တွေ့ရှိသည့် မူးယစ်ဆေးဝါးပမာဏအား နည်းဥပဒေတွင် ပြဋ္ဌာန်းချက်အရ၊[၅၃] အလွန်နည်းပါးသည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲသူတိုင်းအား အလွယ်တကူ ထောင်ချအပြစ်ပေးနိုင်သည့် အခြေအနေဖြစ်ပါသည်။

ထို့အပြင် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူနှင့်အတူ ရှိနေသောသူသည် ထိုလက်ဝယ်တွေ့ရှိသူအတိုင်း အရေးယူ အပြစ်ပေးခံရသည့်အတွက် မူးယစ်ဆေးဝါးမှုဖြင့် အပြစ်ပေး အရေးယူခံရနိုင်မှုမှာ အလွန်လွယ်ကူနေသည်ကို တွေ့ရှိရပါ သည်။

ထိုကဲ့သို့ မူးယစ်ဆေးဝါး သုံးစွဲသူများကို ပြစ်မှုကြောင်းအရ အရေးယူရန် လွယ်ကူခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ အဖြစ် အကျဉ်းထောင်များတွင် လူဦးရေ ကျပ်တည်းလာခြင်း၊ HIV ရောဂါပိုးကူးစက်မှု ပိုမိုများပြားလာခြင်း၊ အဂတိလိုက်စားမှု များပြားခြင်းတို့ကြောင့် တိုင်းပြည်၏ပုံရိပ်ကို ပိုမိုကျဆင်းစေသလို လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ သားကောင်များ အဖြစ်မှ လွတ်မြောက်ခွင့် မရရှိသလို ဖြစ်နေပါသည်။ ▲

# ၅.၂။
# အကြံပြုတိုက်တွန်း ချက်များ

## ဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ

♦ မြန်မာနိုင်ငံတွင် K.P များဖြစ်သော လိင်လုပ်သားများ၊ LGBTများ၊ Trans Gender များနှင့် မူးယစ်ဆေးဝါးသုံးစွဲနေသူများ ကို အပြစ်ပေးအရေးယူနေသော ဥပဒေ၊ ပုဒ်မများသည် လူ့အခွင့် အရေး စံချိန်စံနှုန်းများနှင့်လည်းကောင်း၊ နိုင်ငံတကာမှ လက်ခံ ဆောင်ရွက်နေသော စံနှုန်းများနှင့်လည်းကောင်း၊ လက်ရှိ ခေတ် ကာလအခြေအနေနှင့် လည်းကောင်း ကိုက်ညီမှုမရှိသည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် ညှိနှိုင်းတိုင်ပင်၍ အလျင်အမြန်ပြောင်းလဲရန်။

(ရာဇသတ်ကြီးပုဒ်မ ၃၇၇၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊ ရန်ကုန် ရဲအက် ၁၈၉၉နှင့် ၁၉၄၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြင်ဆင်ခဲ့သည့် ဥပဒေ)

♦ LGBT နှင့် Trans Gender များအတွက် အသိအမှတ် ပြုမှုများ၊ အကျဉ်းထောင်ဥပဒေနှင့် အကျဉ်းထောင်လက်စွဲတွင် ၎င်းတို့အတွက် သီးခြားပြဋ္ဌာန်းချက်များကို မဖြစ်မနေထည့်သွင်း ပြဋ္ဌာန်းပေးရန်။ ▲

## အချုပ်ထောင်၊ အကျဉ်းထောင်ပိုင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ

### လိင်စိတ်ပြောင်းလဲ ခံယူထားသူများ

- ♦ အကျဉ်းထောင်အတွင်းသို့ အကျဉ်းသားများ ရောက်ရှိ ချိန်တွင် လုံခြုံရေးအရ စစ်ဆေးခြင်းကို ကျား၊ မ အပြင် LGBT နှင့် Trans Gender များအတွက်လည်း ထည့်သွင်းစဉ်းစား၍ စီမံဆောင်ရွက်ပေးရန်၊ LGBT, Trans Gender များအတွက် သီးခြားထားရှိပေးရန်။
- ♦ လိင်စိတ်ပြောင်းလဲခံယူထားသူများအတွက် ၎င်းတို့၏ လိင်စိတ်ခံယူမှုနှင့် သင့်လျော်သော အလုပ်အကိုင်များကိုသာ လုပ်ကိုင်နိုင်ရန် စီစဉ်ပေးရန်။
- ♦ အချုပ်ရုံးထွက်သည့်အချိန်တွင် အချုပ်ကား၊ အချုပ် ခန်းများ၌ LGBT များအား သီးသန့် ခွဲခြား ထားရှိပေးရန်။
- ♦ လိင်ဝိသေသကွဲပြားခံယူချက်အပေါ် အခွင့်ကောင်းယူ၍ လိင်

အကြမ်းဖက်မှုများ၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များနှင့် အတူ ငွေတောင်းခံခြင်းများမရှိစေရန် ကာကွယ်မှုပေးခြင်း၊ ကျူးလွန်ခံရပါက တရားမျှတမှု ရယူခွင့်များရှိရန်။

- လိင်စိတ်ခံယူမှုသည် လျှို့ဝှက်ထိန်းသိမ်းအပ်သည့် အကြောင်းအရာတွင် ပါဝင်သဖြင့် ကာယကံရှင်၏ ဆန္ဒအတိုင်းသာ အတည်ပြုသတ်မှတ်ပြီး ကာယကံရှင်၏ စိတ်ဆန္ဒမပါဘဲ ၎င်း၏ လိင်စိတ်ခံယူမှုအား ပေါက်ကြားစေခြင်းနှင့် အရှက်ရစေခြင်းအား ထိရောက်သော အရေးယူမှုများ အစီအမံများ ဆောင်ရွက်ထားရန်။

## HIV ရောဂါပိုး ကူးစက်ခံထားရသူများ

- HIV ရောဂါပိုးကူးစက်ခံထားရသူများအနေဖြင့် ဖမ်းဆီးခံရသည့်အချိန်မှ စတင်၍ ART ဆေး ပုံမှန်စနစ်တကျ သောက်သုံးနိုင်ရန် ရဲစခန်း၊ အချုပ်ထောင်၊ အကျဉ်းထောင်များအားလုံးတွင် မဖြစ်မနေ စီစဉ်ပေးသင့်သည့်အပြင်၊ ၎င်းတို့ကို အခြားသူများနှင့် သီးခြားခွဲထားခြင်းနှင့် ခွဲခြားဆက်ဆံမှုများ မပြုလုပ်နိုင်ရန် အထူး ကာကွယ်ပေးရန်။
- HIV ရောဂါပိုးကူးစက်ခံစားနေရသူများအား အလုပ် စခန်းများသို့ ပို့ဆောင်ခြင်းနှင့် တီဘီကဲ့သို့သော အခြားကူးစက်ရောဂါဝေဒနာရှင်များနှင့်အတူ ထားရှိခြင်းတို့မှ ကာကွယ်ပေးရန်။

## အမျိုးသမီးအကျဉ်းသူများ

- အမျိုးသမီးအကျဉ်းသူများအတွက် အမျိုးသမီးလစဉ်သုံးပစ္စည်းများကို အချုပ်ထောင်၊ အကျဉ်းထောင်နှင့် အလုပ်စခန်းများအားလုံးတွင် ပြတ်လတ်မှုမရှိစေဘဲ ပုံမှန်ထောက်ပံ့ပေးရန်။
- ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် လိုအပ်သောပစ္စည်း၊ အဟာရပြည့်ဝသော အစားအစာများ၊ ဆေးဝါးကုသမှုများကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန်။

## မူးယစ်ဆေးစွဲနေသူများ

- မူးယစ်ဆေးစွဲနေသူများအတွက် စနစ်တကျ ဆေးကုသမှုခံယူနိုင်ရန် မက်သဒုံးစင်တာများအား အကျဉ်းထောင်တိုင်းတွင် ထားရှိပေးရန်။

## ပြန်လည်ပြုစုပျိုးထောင်ရေး

- ထိခိုက်ခံစားလွယ်အုပ်စုဝင်ဖြစ်သော K.P အကျဉ်းသားများအတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှုများ၊ ကောင်းဆယ်လင်းပရိုဂရမ်များ (စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု) စီစဉ်ပေးရန်။

- အကျဉ်းထောင်များ၏ ပတ်ဝန်းကျင်ဒေသနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်များကို အကျဉ်းထောင်တစ်ခုချင်းစီအလိုက် စီစဉ်ဆောင်ရွက်၍ အကျဉ်းသားများကို လေ့ကျင့်သင်ကြားပေးရန်။

## အကျဉ်းထောင်စီမံခန့်ခွဲရေး

- အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများကို အကျဉ်း ထောင်ဥပဒေ၊ အကျဉ်းထောင်လက်စွဲအပြင် နိုင်ငံတကာ အကျဉ်းထောင်စံချိန်စံနှုန်းများ၊ လူ့အခွင့်အရေးဆိုင်ရာအသိပညာများကို သိရှိနားလည်အောင် လေ့ကျင့် မြှင့်တင်ပေးရန်။
- အကျဉ်းသားများအတွက် လုံခြုံစိတ်ချရသော တိုင်ကြားရေးဆိုင်ရာ ယန္တရားတစ်ခုကို တည်ထောင်ပေးထားပြီး အစိုးရမှ ဖွဲ့စည်းထားသော အမျိုးသားလူ့အခွင့်အရေးကော်မရှင် အပါအဝင် အကျဉ်းထောင်နှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးအဖွဲ့အစည်းများကို အကျဉ်းထောင်အတွင်း လိုအပ်သလို ဝင်ရောက်စစ်ဆေးနိုင်ရန်။
- အကျဉ်းထောင်အတွင်း ဖြစ်ပေါ်နေသော အကျင့်ပျက်ခြစားမှုများကို ပပျောက်အောင် ဥပဒေနှင့်အညီ အလျင်အမြန် ထိရောက်စွာဆောင်ရွက်ရန်။

## Prison Reform with Key Population Coalition

- နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)
- အသံအဖွဲ့ (Athan Freedom of Expression Activist Organization)
- Generation Wave (GW)
- ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့ (OMI)
- အနာဂတ်အလင်းတန်းဆုံမှတ် (FLC)
- ပဲခူးတိုင်းအရှေ့ခြမ်းနိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (Ex PP– East Bago)
- လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)
- ပြည်သူ့ကျေးကျွန်အဖွဲ့ (GPS)
- ၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း (ပဲခူး)
- သံလွင်အဖွဲ့ (Than Lwin Citizen Empowerment)
- LGBT ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့
- Myanmar MSM & TG Network
- အေးမြန်မာအဖွဲ့
- Myanmar Positive Group
- Drug Policy Advocacy Group

- မဟာမိတ်မြန်မာ (Aliance Myanmar)
- SWIM
- Asia Catalyst
- NDNM (Kachin)
- MdM

## အောက်ခြေမှတ်စုများ


၁. Eleven Media News

၂. MNHRC ၏၂၀၁၉ခုနှစ် ပြည်ထောင်စုအဆင့်လွှတ်တော်များသို့ပေးပို့သည့် အစီရင်ခံစာ

၃. Ibid;

၄. Presentation by U MyintSoe, Deputy Director General of Prison Department, https://www.youtube.com/watch?v=4UGVDMFFplE&feature=youtu.be

၅. https://aappb.org/wp-content/uploads/2019/09/nee-urgent-reform-mmGraphic-3.pdf

၆. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမိန့်ခွန်း (၂၀၁၉ ၊ ဇွန် ၂၉၊ Melia Hotel ၊ ရန်ကုန်)

၇. မျှတမှုကင်းသော မူးယစ်ဆေးဝါး နှိမ်နင်းရေးမူဝါဒများ၏ မလိုလားအပ်သည့် နောက်ဆက်တွဲရလဒ်များ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (Drug Policy Adovacy Group Myanmar)

၈. MNHRC ၏၂၀၁၉ခုနှစ် ပြည်ထောင်စုအဆင့်လွှတ်တော်များသို့ပေးပို့သည့် အစီရင်ခံစာ

၉. ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမိန့်ခွန်း (၂၀၁၉ ၊ ဇွန် ၂၉၊ Melia Hotel ၊ ရန်ကုန်)

၁၀. https://asiancorrespondent.com/2015/07/prostitution-thailands-worst-kept-secret/

၁၁. PREVENTION AND SUPPRESSION OF PROSTITUTION ACT B.E. 2539(1996), dated 14 October 1996( THILAND)
၁၂. https://www.mmtimes.com/news/could-new-law-better-protect-sex-workers.html
၁၃. နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်း၊ ၂၀၁၈ခုနှစ် မတ်လ (၃၀) ရက်
၁၄. မှုတမှုကင်းသော မူးယစ်ဆေးဝါး နှိမ်နင်းရေးမူဝါဒများ၏ မလိုလားအပ်သည့် နောက်ဆက်တွဲရလဒ်များ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (Drug Policy Adovacy Group Myanmar)

၁၅. The Prison Act, 1894

၁၆. Government of Burma, Manual of Rules for the Superintendence and Man–agement of Jails in Burma (revised edition) 1950

၁၇. ပုဒ်မ ၂၃ ၊ The Prison Act, 1894
၁၈. အခန်း(၆)၊ မြန်မာနိုင်ငံတော်၊ အကျဉ်းထောင်လက်စွဲ
၁၉.United Nations, Standard Minimum Rules for the Treatment of Prisoners, 30 August 1955
၂၀. Basic principle Rule 1, United Nations Standard Minimum Rules for the Treat-ment of Prisoners (the Mandela Rules)
၂၁. **Body of Principles for the Protection of All Persons under Any Form of Deten-tion or Imprisonment**
General Assembly Resolution 43/173 (9 December 1988)
၂၂. United Nations Standard Minimum Rules for the Treatment of Prisoners (the Nelson Mandela Rules) Rule 24 (1)
၂၃.အကျဉ်းထောင်စနစ်ပြုပြင်ရေးအလုပ်ရုံဆွေးနွေးပွဲ ၊ မန်းမြန်မာ ဟိုတယ်၊ နေပြည်တော် (၇.၁၂.၂၀၁၉)
၂၄. ပုဒ်မ ၉၄၈၊ အကျဉ်းထောင်လက်စွဲ
၂၅. United Nations Standard Minimum Rules for the Treatment of Prisoners (the Nelson Mandela Rules) Rule 27 (1)
၂၆. United Nations Standard Minimum Rules for the Treatment of Prisoners (the Nelson Mandela Rules) Rule 24 (2)

၂၇. မှျတမှုကင်းသော မူးယစ်ဆေးဝါး နှိမ်နင်းရေးမူဝါဒများ၏ မလိုလားအပ်သည့် နောက်ဆက်တွဲရလဒ်များ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (Drug Policy Adovacy Group Myanmar)

၂၈. https://books.google.com.mm/books?id=vvTZFfE_yv8C&pg=PA1 (WHO"s instruction for drug user in prison)

၂၉. United Nations Rules for the Treatment of Women Prisoners and Non-custodial Measures for Women Offenders (the Bangkok Rules) Resolution adopted by the General Assembly on 21 December 2010, A/RES/65/229

၃၀. အကျဉ်းထောင်လက်စွဲဥပဒေ၊ အခန်း(၁၄) ပုဒ်မ ၈၈၃

၃၁. Universal Declaration of Human Rights (**UDHR**)10 December 1948

၃၂. https://www.who.int/hiv/topics/msm/en/

၃၃. Universal Declaration of Human Rights (**UDHR**)10 December 1948

၃၄. United Nations Standard Minimum Rules for the Treatment of Prisoners (the Nelson Mandela Rules) Rule 22 (1)

၃၅. မြန်မာနိုင်ငံတော် အကျဉ်းထောင်လက်စွဲ (၁၈၉၄ ခုနှစ် Jail Manual) အခန်း(၁၅) အစားအစာ ပုဒ်မ ၁၀၇၇။

၃၆. Ibid: ပုဒ်မ ၁၀၇၈၊ ၁၀၇၉။

၃၇. United Nations Rules for the Treatment of Women Prisoners and Non-custodial Measures for Women Offenders (the Bangkok Rules) , 65/229. General Assembly on 21 December 2010

၃၈. United Nations Standard Minimum Rules for the Treatment of Prisoners (the Nelson Mandela Rules) Rule 12,13,14

၃၉. Schonteich, M (2008) " The Scale and Consequences of Pretrial Dentention Arong the World", Justice Initiatives, Open Society Justice Initiative, p. 32.

၄၀. နိဒါန်း၊ အကျဉ်းထောင်ဥပဒေအသစ် မူကြမ်း https://www.moi.gov.mm/?q=laws/id/6901

၄၁. စာမျက်နှာ- ၂၈၊ အကျဉ်းထောင်အတွင်း လူဦးရေလျှော့ချနိုင်ရေး အရေးတကြီး လုပ်ဆောင်ရန် လိုအပ်သည့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲ ရေးနည်းလမ်းများ၊ (နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၂၀၁၈ခုနှစ် ဒီဇင်ဘာလ

၄၂. ပုဒ်မ ၁၂၄၄၊၁၂၄၈၊ အခန်း(၂၀)၊ အထွေထွေ၊ မြန်မာနိုင်ငံတော် အကျဉ်းထောင်လက်စွဲ၊ ၁၈၉၄ ခုနှစ်
၄၃. သက်ဖေ(ဦး)၊ မောင်မောင်ဝင်း(ဦး) ပြစ်မှုဆိုင်ရာ ဥပဒေ၏ သိကောင်းစရာများ
၄၄. ၁၉၄၉ ခုနှစ်၊ လိင်လုပ်သားနှိပ်ကွပ်ရေး ဥပဒေ၊ ပုဒ်မ(၃)
၄၅. Ibid; ပုဒ်မ ၄၊
၄၆. ပုဒ်မ ၈၊ ၁၉၉၈ ခုနှစ်၊ လိင်လုပ်သားနှိပ်ကွပ်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
၄၇. ပုဒ်မ(၃)၊ ၁၉၅၆ ခုနှစ်၊ လိင်လုပ်သား နှိပ်ကွပ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
၄၈. https://www.scoopwhoop.com/inothernews/countries-with-legal-prostitution/
၄၉. ပုဒ်မ ၃ (ခ)၊ အခန်း (၂) ရည်ရွယ်ချက်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ
၅၀. Ibid; ပုဒ်မ ၃ (ဂ)
၅၁. Ibid; ပုဒ်မ ၁၅၊ အခန်း (၇) က လူမှုအကျိုးပြုဆောင်ရွက်ခြင်း
၅၂. Ibid; ပုဒ်မ ၁၆ (ခ)၊ အခန်း (၈) ပြစ်မှုပြစ်ဒဏ်များ
၅၃. ပုဒ်မ ၆၃၊ အခန်း (၁၃) အထွေထွေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများ
၅၄. ပုဒ်မ ၂၊ အခန်း (၈) ပြစ်မှု ပြစ်ဒဏ်များ၊ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ

Key Population ဆိုသည်မှာ ဥပဒေကြောင်းအရ (သို့) လူမှုဘဝပတ်ဝန်းကျင် အပြုအမူများအရ အလွန်ထိခိုက်လွယ်သောသူများဖြစ်သည့် ခုခံအားကျဆင်းသည့်ရောဂါ (HIV) ခံစားနေရသူများနှင့် ရောဂါပိုး အလွယ်တကူ ကူးစက်နိုင်သည့် အုပ်စုများကို ခေါ်ဝေါ် သတ်မှတ်ခြင်းဖြစ်သည်။




နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမြင့်မားမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုစသည့် အခြေအနေတို့ကို တိုင်းတာရာတွင် အကျဉ်းထောင်များရှိ အကျဉ်းသားအရေအတွက်နှင့် အကျဉ်းထောင်များ၏ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရန် မဖြစ်မနေ လိုအပ်ပါသည်။ ထို့ကြောင့် အကျဉ်းထောင်များသည် နိုင်ငံတစ်ခု၏ ပြဋ္ဌာန်းဥပဒေများ၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးရရှိမှု အခြေအနေတို့ကို တိုင်းတာရန် ပေတံတစ်ချောင်းအနေဖြင့် ပါဝင်နေပါသည်။